# ဓမ္မခန္ဓာ (၃၃) “မဟာမိတ်များ” (အလ် အဟ်ဇာဘ်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၉၀။ သုတ်ဒေသနာ– အပါး ၇၃။

ဦးဖွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | **يَا أَيُّهَا النَّبِيُّ اتَّقِ اللَّهَ وَلَا تُطِعِ الْكَافِرِينَ وَالْمُنَافِقِينَ إِنَّ اللَّهَ كَانَ عَلِيمًا حَكِيمًا۝**<br>အို သတင်းတော်ဆောင်၊ ပရမတ်ဘုရားရှင်အား စည်းစောင့်လေ့၊ ဖုံးကွယ်သူနှင့် သီလကြောင်တို့အား မနာခံနှင့် ဧကန်ပင် ပရမတ်ဘုရားရှင်သည် ဉာဏ်ပညာရှင် အဆုံးအဖြတ်ရှင် ဖြစ်တော်မူ၏။ |
| ၂။ | **وَاتَّبِعْ مَا يُوحَى إِلَيْكَ مِن رَّبِّكَ إِنَّ اللَّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا۝**<br>သင့်ထံသို့ သင့်ကံကြမ္မာရှင်မှ အာရုံစျာန်ကိန်းဝပ်ပေးရာအား လိုက်နာလေ့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှအား သတင်းသိနေတော်မူ၏။ |
| ၃။ | **وَتَوَكَّلْ عَلَى اللَّهِ وَكَفَى بِاللَّهِ وَكِيلًا۝**<br>ပရမတ်ဘုရားအား ပုံအပ်ခိုကိုးလေ့၊ ပရမတ်ဘုရားရှင်သည် ကိုးစားထိုက်သူအဖြစ် လုံလောက်တော်မူ၏။ |
| ၄။ | **مَّا جَعَلَ اللَّهُ لِرَجُلٍ مِّن قَلْبَيْنِ فِي جَوْفِهِ وَمَا جَعَلَ أَزْوَاجَكُمُ اللَّائِي تُظَاهِرُونَ مِنْهُنَّ أُمَّهَاتِكُمْ وَمَا جَعَلَ أَدْعِيَاءَكُمْ أَبْنَاءَكُمْ ذَلِكُمْ قَوْلُكُم بِأَفْوَاهِكُمْ وَاللَّهُ يَقُولُ الْحَقَّ وَهُوَ يَهْدِي السَّبِيلَ۝**<br>ပရမတ်ဘုရားရှင် မည်သည့် လူသားကိုမျှ ရင်ဘတ်တွင်း၌ စိတ်နှလုံး နှစ်ခု စီမံမပေးချေ။ သင်တို့၏ ဇနီးမိန်းမများ– သူတို့ကို ကျောခိုင်း၍ သင်တို့၏ မိခင်အဖြစ် မစီမံချေ။ သင်တို့၏ မွေးစားသားများကိုလည်း သားရင်းအဖြစ် စီမံမပေးချေ။ ဤသည် သင်တို့၏ ပါးစပ်ဖျားမှ ပြောစကားသာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သစ္စာစကားကိုသာ မိန့်ဆို၏။ အရှင်သည် နည်းလမ်းတကျ လမ်းညွှန်တော်မူ၏။ |
| ၅။ | **ادْعُوهُمْ لِآبَائِهِمْ هُوَ أَقْسَطُ عِندَ اللَّهِ فَإِن لَّمْ تَعْلَمُوا آبَاءهُمْ فَإِخْوَانُكُمْ فِي الدِّينِ وَمَوَالِيكُمْ وَلَيْسَ عَلَيْكُمْ جُنَاحٌ فِيمَا أَخْطَأْتُم بِهِ وَلَكِن مَّا تَعَمَّدَتْ قُلُوبُكُمْ وَكَانَ اللَّهُ غَفُورًا رَّحِيمًا۝**<br>သူတို့၏ အဘရင်းကို ဖော်ပြောလေ့၊ ၎င်းသည် ပရမတ်ဘုရားရှင်၏ထံ၌ သမာသမတ်ကျ၏။ အကယ်၍ သင်တို့သည် သူတို့၏ ဖခင်ရင်းများကို မသိခဲ့လျှင်၊ သာသနာလမ်းစဉ်အရ သူတို့သည် သင်တို့၏ ညီအစ်ကိုများ ဖြစ်ကြ၏။ သင်တို့၏ ရဲဘော်ရဲဘက်များ ဖြစ်ကြ၏။ သင်တို့၏ နှလုံးသား စေ့ဆော်ချက် မရှိခဲ့သော် သင်တို့၏ မေ့မှားမှုများအတွက် အပြစ်မထိုက်ချေ၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၈၂၄] |

(၈၂၄) သုတ်တော် ၄ တွင် မွေးစားသားများ (ခေါ်ယူထားသူများ)သည် သားသမီးအရင်း မဟုတ်ကြောင်းနှင့် ဤသုတ်တော် ၅ တွင် အဘရင်းများကို ဖော်ပြကြလေ့ ဆိုသည်မှာ– မိသား တစ်စုတွင် မွေးစား သားသမီးရှိလျှင် သားမီးအရင်းနှင့် မွေးစားသားသမီးများအကြား သွေးခွဲခြင်း မဟုတ်ချေ၊ အစ္စလာမ် သာသနာသည် ရင့်ကျက်တည်ငြိမ်မှု ရှိစေရန် သွန်သင်ပေးသည်။ ထို့ကြောင့် မွေးစားသားသမီး အနေဖြင့်လည်း ပကတိ အမှန်တရားကို ကြားနာရသောကြောင့် သိမ်ငယ်စရာ မရှိချေ။ ဤသုတ်တော်များမှ အဓိကရည်ရွယ်ချက်မှာ ပကတိ အမှန်တရား ပေါ်ပေါက်ရန်သာ ဖြစ်သည်။ မွေးစားသား တစ်ဦးသည် မိမိ၏ မဘအရင်းကို အမှန်တကယ် မသိက၊ မသိခြင်း အမှားတရားအောက်၌ မောင်နှမ အရင်းချင်း

| | |
|---|---|
| ၆။ | النَّبِيُّ أَوْلَى بِالْمُؤْمِنِينَ مِنْ أَنفُسِهِمْ وَأَزْوَاجُهُ أُمَّهَاتُهُمْ وَأُوْلُو الْأَرْحَامِ بَعْضُهُمْ أَوْلَى بِبَعْضٍ فِي كِتَابِ اللَّهِ مِنَ الْمُؤْمِنِينَ وَالْمُهَاجِرِينَ إِلَّا أَن تَفْعَلُوا إِلَى أَوْلِيَائِكُم مَّعْرُوفًا كَانَ ذَلِكَ فِي الْكِتَابِ مَسْطُورًا ۞ |
| ယုံကြည်သူ ☆၄း၁ | သတင်းတော်ဆောင်သည် ယုံကြည်သူများအတွက် သူတို့၏ စိတ်ဉာဉ်ထက် ပို၍ မြတ်နိုး၏၊ သူ့ပေါင်းဖေါ်တို့သည် **သူ**တို့အတွက် မိခင်များ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းချက် နိယာမအရ၊ မျှတညီညွတ်စွာ ကျင့်ကြံသော ရဲဘော်ရဲဘက်မှအပ၊ မွေးရာပါ အခွင့်အရေးရှိသော သူတို့သည်☆ အချင်းချင်း မြတ်နိုးနီးကပ်သည်မှာ ယုံကြည်သူများ၊ စွန့်ခွာခဲ့ရသူများထက် ပို၏။ ကျမ်းတော်တွင် ဤသို့ ရေးမှတ်ထား၏။ |
| ၇။ | وَإِذْ أَخَذْنَا مِنَ النَّبِيِّينَ مِيثَاقَهُمْ وَمِنكَ وَمِن نُّوحٍ وَإِبْرَاهِيمَ وَمُوسَى وَعِيسَى ابْنِ مَرْيَمَ وَأَخَذْنَا مِنْهُم مِّيثَاقًا غَلِيظًا ۞ |
| ☆ ၃း၈၁ | ငါသည် သတင်းတော်ဆောင်များထံမှာ အာမဘန္ဓေ ယူခဲ့သည်မှာ– သင့်ထံမှ၊ နူးဟ်၊ အီဗရာဟီးမ်၊ မူဆာနှင့် မာရိ၏သား ယေရှုထံမှဖြစ်၏။– သူတို့ထံမှ ခိုင်မာသော ပဋိညာဉ်ကို ယူခဲ့သည်မှာ–[၇၅] |
| ၈။ | لِيَسْأَلَ الصَّادِقِينَ عَن صِدْقِهِمْ وَأَعَدَّ لِلْكَافِرِينَ عَذَابًا أَلِيمًا ۞ |

---

အိမ်ထောင်ပြုမိသော အမှားများ ဖြစ်ပေါ်နိုင်ပေသည်။ ထိုသို့ မျိုးဆက်အတွက် မလိုလားအပ်သော ညစ်ညမ်းမှုများမှ ရှောင်ကြဉ်နိုင်ရန် ပညတ်ထားခြင်း ဖြစ်ပေသည်။

(၈၂၅) ဆရာတော်ကြီးများက ဤသုတ်တော်သည် **၃း၈၁** တွင်ဖေါ်ပြသော **"ငါသည် သင်တို့အား ကျမ်းတော်မှ ဓမ္မသတ်ကို ပေးအပ်ပြီး၊ တဖန် သင်တို့၌ ရှိသည်ကို ဖြောင့်မှန်စေမည့် ဥဇ္ဇာစဉ်တော်ဆောင် တစ်ပါး သင်တို့ထံသို့ ရောက်စေမည် သူ့အား ယုံကြည်ကြလော့၊ သူ့အား ကူညီကြလော့" ဟု အာမဘန္ဓေကို ယူ၍ "ငါ၏ ပဋိညာဉ်ကို သင်တို့ အတည်ပြုသလော၊ လက်ခံကြသလော"ဟု မေးမြန်းသော်၊ "တပည့်တော်တို့ အတည် ပြုပါသည်၊" ဟု လျှောက်ထားကြ၏။** ဟူသော သုတ်တော်ကို ပြန်လည် ဖေါ်ပြခြင်း ဖြစ်သည်ဟု ဆိုကြ၏။ ဤသုတ်တော် နှစ်ခု၏ သွန်သင်ခြင်းမှာ သီးခြား ဖြစ်ပေသည်။ သုတ်တော် ၃း၈၁ တွင် ရှေးမှ သတင်းတော်ဆောင်များထံမှ ပရမတ်ဘုရားရှင် အလ္လာဟ်က အာမဘန္ဓေယူခဲ့သည်မှာ "နောက်ထပ် ဥဇ္ဇာစဉ်တော်ဆောင် တစ်ပါး ပွင့်ပေါ်စေဦးမည် ဆိုသည့် အချက်ဖြစ်၍၊ ဤသုတ်တော်တွင် နောက်ဆုံးပွင့် ကိုယ်တော်မုဟမ္မဒ် (၃၃း၄၀) အပါအဝင် သတင်းတော်ဆောင်များ၊ ဥဇ္ဇာစဉ်တော်ဆောင်များထံမှ အာမဘန္ဓေရယူသည်မှာ **"ဖြောင့်မှန်သူတို့အား ဖြောင့်မှန်ခြင်းကို စီစစ်နိုင်ရန် ဖြစ်၏၊"** ဟု ဆက်လက်ပါ သုတ်တော် ၈ တွင် အတိအကျပြောထားပေသည်။ ရှေ့နောက်ဝါကျ နှစ်ခုအား **လိ لِ** ဖြင့် ဆက်ထား၍၊ အဓိပ္ပါယ်မှာ– အလို့ငှာ၊ ရန်၊ အတွက်– ဟု ဖြစ်ပေသည်။ နောက်ဆုံးပွင့် ဖြစ်သော ကိုယ်တော်မုဟမ္မဒ်သည် (၃၃း၄၀) သည် ဤသုတ်တော်ပါ၊ အာမဘန္ဓေပြုသူများ အနက်တွင် ပါဝင်နေသောကြောင့် ဤသုတ်တော်နှင့် **နောက်ထပ် ဥဇ္ဇာစဉ်တော်ဆောင်တစ်ပါး သင်တို့ထံသို့ ရောက်လာစေမည်** ဟူသည့် ၃း၈၁ သည် အာမဘန္ဓေပြုရသော အကြောင်းရင်းမှာ လုံးဝ မတူညီချေ။ ကျမ်းတော်ပါ သုတ်တော်များကို သေချာစွာ မလေ့လာဘဲလျှက် ဆရာ စဉ်ဆက် ယုံကြည်စေခဲ့သည်များကို လိုက်၍ ကျမ်းတော်အား ဖွင့်ဆိုခြင်းကြောင့်၊ ထိုကဲ့သို့ ဖွင့်ဆိုမှုများကို အခွင့်ကောင်း ယူလျှက် မိမိကိုယ်မိမိ နဗီ (သတင်းတော်ဆောင်) ဖြစ်သည်ဟု အစ္စလာမ့် ခေါင်းစဉ်အောက်မှ ကြေငြာခဲ့သူများကို တွေ့လာရပေသည်။ အစ္စလာမ် သာသနာသည် ပရမတ် ဘုရားရှင်က လူသားအား ချီးမြှင့်သော ဥဇ္ဇာစဉ်များ ရပ်စဲသွားပြီဟု လုံးဝ မပြောပေ (၃၂း၉)၊ သို့သော် နဗီ (သတင်းတော်ဆောင်) အဆင့်၊ ရစူလ် (ဥဇ္ဇာစဉ်တော်ဆောင်) အဆင့်များ ပွင့်ပေါ်ရန် မလိုအပ်တော့ပြီ၊ ဟု ၃၃း၄၀ တွင် ကြေငြာထားပေသည်။ မူရင်းစစ်စစ် ကျမ်းတော် ဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်၏ တည်မြဲနေခြင်းကြောင့် အစ္စလာမ် သာသနာတွင် သာသနာ တစ်ခု ကွယ်ပျောက်ရမည့် အဓိက သော့ချက် ဖြစ်သော ပဋိသမ္ဘိဒါခေတ် ကုန်လွန်ရန် လုံးဝ ဖြစ်လာတော့မည် မဟုတ်ချေ။ ထို့ကြောင့် မိမိကိုယ် မိမိ နဗီ (သတင်းတော်ဆောင်) ဖြစ်သည်ဟု ကြော်ငြာခဲ့သူများပင် ကျမ်းမြတ်ကုရ်အာန်ကိုသာ လိုက်နာခဲ့ရလျှက်၊ အစ္စလာမ် ခေါင်းစဉ်အောက်မှသာ၊ အခြား အစ္စာလမ် တစ်ဦးကဲ့သို့ လိုက်နာ ကျင့်ကြံခဲ့သူများပင် ဖြစ်တော့ သည်။ လောကဌ် ပွင့်ပေါ်ခဲ့သော သတင်းတော်ဆောင်၊ ဥဇ္ဇာစဉ်တော်ဆောင်များ၏ သာသနာ့လမ်းစဉ်များ တစ်ခုပြီး တစ်ခု ကွယ်ပျောက်ရခြင်းမှာ ထိုကိုယ်တော်များ ဟောပြောသွန်သင်ခဲ့သည့် မူရင်းတရားတော်များ ကွယ်ပျောက်၍သာ– သာသနာ ကွယ်ပျောက်ရခြင်း ဖြစ်၍၊ ထိုသို့ ကွယ်ပျောက်ရခြင်းကြောင့် နောက်တစ်ပါးပွင့်ပေါ်ကာ သာသနာရောင်ဝါကို ထွန်းညှိရခြင်း ဖြစ်ပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော့ရှေးမှ ပွင့်ပေါ်ခဲ့သော ကိုယ်တော်များ၏ သာသနာ (တရားတော်စစ်) ကွယ်ပျောက်ချိန်တွင်မှ ပွင့်ပေါ်ခဲ့သော ဥဇ္ဇာစဉ်တော်ဆောင် ဖြစ်ပေသည်၊ ၅း၁၉။ ကျမ်းတော် ခိုင်ခိုင်မာမာ ရှိနေသော အစ္စလာမ် သာသနာသည်ကား သာသနာ ကွယ်ပျောက်နိုင်ခြင်း မရှိချေ။ ထို့အပြင် ရှေးက ကိုယ်တော်များ ဟောပြောခဲ့ သကဲ့သို့ ကိုယ်တော်မုဟမ္မဒ်အနေဖြင့် သူ၏ နောက်တွင် နောက်ထပ်တစ်ပါး ပွင့်ပေါ်ဦးမည်ဟု ဟောပြောခဲ့ခြင်းလည်း မရှိချေ။ ရှေးကိုယ်တော်များက မိမိကိုယ်မိမိ ကြေငြာခဲ့ခြင်း မရှိသော– နောက်ဆုံးပွင့် ဖြစ်သည် ဆိုခြင်းကို ကိုယ်တော် မုဟမ္မဒ်ကသာ ကြေငြာခဲ့ခြင်း ဖြစ်ပေသည်၊ (၃၃း၄၀)။

| | |
|---|---|
| | ဖြောင့်မှန်သူတို့အား ဖြောင့်မှန်ခြင်းကို စီစစ်နိုင်ရန် ဖြစ်၏။ ဖုံးကွယ်သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးဒဏ်ကို ပြင်ဆင်ထား၏။ |
| ၉။ | يَا أَيُّهَا الَّذِينَ آمَنُوا اذْكُرُوا نِعْمَةَ اللَّهِ عَلَيْكُمْ إِذْ جَاءَتْكُمْ جُنُودٌ فَأَرْسَلْنَا عَلَيْهِمْ رِيحًا وَجُنُودًا لَّمْ تَرَوْهَا وَكَانَ اللَّهُ بِمَا تَعْمَلُونَ بَصِيرًا ۞<br>အို ယုံကြည်သောသူတို့၊ သင်တို့အား ပရမတ်ဘုရားရှင်က ဂုဏ်ပေးခဲ့သည်ကို သတိရကြလော့။ သင်ထံသို့ စစ်တပ်ကြီး ရောက်လာသေအခါ၊ ငါသည် သူတို့အပေါ်သို့ လေနှင့် မမြင်နိုင်သော စစ်တပ်ကို စေပို့လိုက်၏။ ကေန်ပင် ပရမတ်ဘုရား ရှင်သည် ကျင့်ကြံလေသမျှကို သိနေတော်မူ၏။[၈၂၆] |
| ၁၀။ | إِذْ جَاؤُوكُم مِّن فَوْقِكُمْ وَمِنْ أَسْفَلَ مِنكُمْ وَإِذْ زَاغَتْ الْأَبْصَارُ وَبَلَغَتِ الْقُلُوبُ الْحَنَاجِرَ وَتَظُنُّونَ بِاللَّهِ الظُّنُونَا ۞<br>သူတို့သည် သင်တို့ထံသို့ အထက်ပိုင်းမှ၊ အောက်ပိုင်းမှ ရောက်လာကြသောအခါ၊ သင်တို့၏ မျက်လုံးသည် ပြူးလျှက်၊ နှလုံးသွေးကြောသည် လည်မြိုသို့ ဆို့မတတ် ဖြစ်၏။ ထို့အခါ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ မဆီ မလျော် တွေးထင်ကြ၏။ |
| ၁၁။ | هُنَالِكَ ابْتُلِيَ الْمُؤْمِنُونَ وَزُلْزِلُوا زِلْزَالًا شَدِيدًا ۞<br>ဤသည် ယုံကြည်သူများအတွက် စုံစမ်းမှုကြီး ဖြစ်၏။ ပြင်းထန်ပြတ်သားသော တုန်လှုပ်မှုဖြင့် တုန်လှုပ်ကြရ၏။ |
| ၁၂။ | وَإِذْ يَقُولُ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ مَّا وَعَدَنَا اللَّهُ وَرَسُولُهُ إِلَّا غُرُورًا ۞<br>သီလကြောင်များနှင့် စိတ်နှလုံး၌ ရောဂါ ရှိသော သူများက "ကျွန်ုပ်တို့အတွက် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဒ္ဓဏ်စဉ် တော်ဆောင်၏ ကတိမှာ မြူဆွယ်ဖျားယောင်းမှုသာ ဖြစ်၏၊"ဟု ဆိုကြ၏။ |
| ၁၃။<br><br>မဒီနာ မြို့ | وَإِذْ قَالَت طَّائِفَةٌ مِّنْهُمْ يَا أَهْلَ يَثْرِبَ لَا مُقَامَ لَكُمْ فَارْجِعُوا وَيَسْتَأْذِنُ فَرِيقٌ مِّنْهُمُ النَّبِيَّ يَقُولُونَ إِنَّ بُيُوتَنَا عَوْرَةٌ وَمَا هِيَ بِعَوْرَةٍ إِن يُرِيدُونَ إِلَّا فِرَارًا ۞<br>သူတို့မှ အုပ်စုတစ်စုက "အို–**ယာစ်ရိပ်** သားအပေါင်းတို့၊ သင်တို့၌ ရပ်တည်နိုင်အား မရှိ၊ ပြန်လှည့်ကြပါစို့၊"ဟု ဆိုကြ၍၊ သူတို့မှ အုပ်စုတစ်စုက သတင်းတော်ဆောင်အား "ကျွန်ုပ်တို့၏ အိမ်များသည် ဟင်းလင်း ဖြစ်နေပါ၏၊"ဟု ပြောဆို ခွင့်တောင်းကြ၏။ ၎င်းတို့မှာ ဗလာဟင်းလင်း မဟုတ်ချေ။ သူတို့သည် တိမ်းရှောင်ပြေးလိုခြင်းသာ ဖြစ်၏။ |
| ၁၄။ | وَلَوْ دُخِلَتْ عَلَيْهِم مِّنْ أَقْطَارِهَا ثُمَّ سُئِلُوا الْفِتْنَةَ لَآتَوْهَا وَمَا تَلَبَّثُوا بِهَا إِلَّا يَسِيرًا ۞<br>စိမ့်ဝင်လာသူတို့မှ သူတို့ထံသို့ ဝင်ရောက်လာ၍၊ ပူးပေါင်းသစ္စာခံရန် တောင်းဆိုလျှင်၊ သူတို့ ဆောင်ရွက်ပြီးလတ္တံ့၊ သူ တို့သည် အချိန်ဆွဲ တွန့်ဆုတ်နေမည် မဟုတ်ချေ။ |
| ၁၅။ | وَلَقَدْ كَانُوا عَاهَدُوا اللَّهَ مِن قَبْلُ لَا يُوَلُّونَ الْأَدْبَارَ وَكَانَ عَهْدُ اللَّهِ مَسْؤُولًا ۞ |

---

(၈၂၆) ဆရာတော်ကြီးများက ဤသုတ်တော်များသည် မဒီနာမြို့အား ကျူးကျော်ဝင်ရောက်ရန် လာသော မဟာမိတ်တပ်များ၏ အကြောင်းကို ဖော်ပြခြင်း ဖြစ်သည်ဟု ရှင်းပြဖွင့်ဆိုပေသည်။ သို့သော် ကျမ်းတော်ပါ သုတ်တော်များအား နားလည်ရာတွင် အဖြစ်အပျက် တစ်ခုအား တင်ပြခြင်းသည် လောက၌ အမြဲ ဖြစ်နေလေ့ရှိသော လောကနိယာမများကို ဖြေရှင်းနိုင်ရန် နမူနာပေးခြင်းပင် ဖြစ်သည်ဟု နားလည်ယူရမည်ဖြစ်သည်။ ခေတ်ကာလတိုင်းမှ တော်လှန်ရေးတိုင်း အတွက် နမူနာပေးခြင်း ဖြစ်ပေသည်။ စစ်ပွဲတိုင်းတွင် ရန်သူ၊ မိတ်ဆွေ၊ အတွင်းသူလျှို၊ မိမိ၏ ဥစ္စာနေအား ဖက်တွယ်လျှက် တော်လှန်ရေးအား မထောက်ခံဘဲ၊ နောက်မျိုးဆက်နှင့် လူသားများ၏ ငြိမ်းချမ်းရေးအား မမျှော်ကိုးဘဲ လတ်တလော သာသည့်ဘက်သို့ ပူးပေါင်းတတ်သည့် သီလကြောင် (နှစ်ဘက်ခွ) လူတန်းစားများ ရှိကြောင်း– စသည့် တော်လှန်ရေးတစ်ခု၏ သဘာဝကို သွန်သင်ပြသခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ "လေနှင့် မမြင်နိုင်သော စစ်တပ်၊" ဆိုသည်မှာ "ဝါဒဖြန့်ချီခြင်း (သတင်းဌာန)များနှင့်၊ ချုံခိုတိုက်ခိုက်သည့် ပျောက်ကျားစစ်သည်များ"ကို ဆိုလိုခြင်း ဖြစ်ပေသည်။ သီလကြောင် (နှစ်ဘက်ခွ)များ၏ သဘာဝကို ၃၃း၁၀ မှ ၂၀ ထိတွင်ကြည့်ပါ။ (၃း၁၂–––၁၂၅)

| | |
|---|---|
| | ထိုမတိုင်မီက နောက်လှည့် ထွက်ပြေးမည် မဟုတ်ပါ ဟု သူတို့သည် ပရမတ်ဘုရားရှင်၌ ကတိသစ္စာထားခဲ့၏။ ပရမတ်ဘုရားရှင်၌ ထားခဲ့သော ကတိအတွက် စစ်ကြောခံရမည်ပင်။ |
| ၁၆။ | **قُل لَّن يَنفَعَكُمُ الْفِرَارُ إِن فَرَرْتُم مِّنَ الْمَوْتِ أَوِ الْقَتْلِ وَإِذًا لَّا تُمَتَّعُونَ إِلَّا قَلِيلًا۝**<br>ဟောလော့ "သင်တို့သည် အနိစ္စရောက်ရမည်မှ၊ ကျဆုံးရမည်မှ ထွက်ပြေးငြားသော်လည်း သင်တို့၏ ထွက်ပြေးခြင်းသည် အကျိုးမရှိချေ။ မဆိုစလောက် အနည်းငယ်မျှ ပျော်ပါးမြူးထူးနေကြလော့။" |
| ၁၇။ | **قُلْ مَن ذَا الَّذِي يَعْصِمُكُم مِّنَ اللَّهِ إِنْ أَرَادَ بِكُمْ سُوءًا أَوْ أَرَادَ بِكُمْ رَحْمَةً وَلَا يَجِدُونَ لَهُم مِّن دُونِ اللَّهِ وَلِيًّا وَلَا نَصِيرًا۝**<br>ဟောလော့ "သင်တို့အား ပရမတ်ဘုရားရှင်ထံတော်မှ အကုသိုလ်သင့်စေလိုသည် ဖြစ်စေ၊ ကရုဏာသင့်စေလိုသည် ဖြစ်စေ၊ အရှင့်အား မည်သူက တားဆီးနိုင်မည်နည်း။ ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် ကွပ်ကဲပေးမည့်သူ၊ ကူညီပေးမည့်သူကို တွေ့ရနိုင်မည် မဟုတ်ချေ။– |
| ၁၈။ | **قَدْ يَعْلَمُ اللَّهُ الْمُعَوِّقِينَ مِنكُمْ وَالْقَائِلِينَ لِإِخْوَانِهِمْ هَلُمَّ إِلَيْنَا وَلَا يَأْتُونَ الْبَأْسَ إِلَّا قَلِيلًا۝**<br>ပရမတ်ဘုရားရှင်သည်– သူတို့၏ ညီနောင်များအား "ကျွန်ုပ်တို့ဘက်သို့ လာလော့၊"ဟု သွေးထိုးပေးသော နောက်ကွယ်မှ ရှိသူများကို သိနေတော်မူ၏။" အနည်းငယ်မှအပ သူတို့သည် စစ်ပွဲသို့ ရောက်လာကြမည် မဟုတ်ချေ။ |
| ၁၉။ | **أَشِحَّةً عَلَيْكُمْ فَإِذَا جَاءَ الْخَوْفُ رَأَيْتَهُمْ يَنظُرُونَ إِلَيْكَ تَدُورُ أَعْيُنُهُمْ كَالَّذِي يُغْشَى عَلَيْهِ مِنَ الْمَوْتِ فَإِذَا ذَهَبَ الْخَوْفُ سَلَقُوكُم بِأَلْسِنَةٍ حِدَادٍ أَشِحَّةً عَلَى الْخَيْرِ أُولَئِكَ لَمْ يُؤْمِنُوا فَأَحْبَطَ اللَّهُ أَعْمَالَهُمْ وَكَانَ ذَلِكَ عَلَى اللَّهِ يَسِيرًا۝**<br>သင်တို့အပေါ်၌ နှမြောတွန့်တိုကြ၏။ သို့သော် ကြောက်ရွံ့ရမှု ဆိုက်ရောက်သောအခါ၊ သူ့အပေါ်သို့ သေဘေး ဖုံးလွှမ်းသူ၏ မျက်လုံးမျိုးဖြင့် သင့်ဘက်သို့ ပြူး၍ ကြည့်နေကြ၏။ သို့သော် ကြောက်ရွံ့ရခြင်းအား ရုပ်သိမ်းသွားသောအခါ၊ သင့်အား နှုတ်သီးစောင်းထက် ရန်တွေ့ကြ၏။ သူတို့၏ ကောင်းကျိုးများအတွက် နှမြောတွန့်တိုကြ၏။ ထိုသူတို့သည် ယုံကြည်သူများ မဟုတ်ကြချေ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်သည် သူတို့၏ ကျင့်ကြံမှုများကို အချီးနှီးဖြစ်စေပြီ။ ယင်းသို့ပြုရန် ပရမတ်ဘုရားရှင်အတွက် လွယ်ကူလှချေ၏။ |
| ၂၀။ | **يَحْسَبُونَ الْأَحْزَابَ لَمْ يَذْهَبُوا وَإِن يَأْتِ الْأَحْزَابُ يَوَدُّوا لَوْ أَنَّهُم بَادُونَ فِي الْأَعْرَابِ يَسْأَلُونَ عَنْ أَنبَائِكُمْ وَلَوْ كَانُوا فِيكُم مَّا قَاتَلُوا إِلَّا قَلِيلًا۝**<br>မဟာမိတ်တို့သည် တပ်ခေါက်ပြန်သွားမည်ဟု သူ့တို့ မထင်ကြချေ။ မဟာမိတ်တို့ ပြန်ရောက်လာခဲ့သော်၊ ကန္တာရတိုင်းသားတို့မှ ကျေးတောသားများထံ သွားခိုပြီးလျှင်၊ သင်တို့၏ သတင်းကို မေးမြန်းစုံစမ်း၍ နေလိုကြ၏။ သူတို့သည် သင်တို့ အထဲ၌ ရှိနေခဲ့သော်လည်း အနည်းငယ်မှအပ တော်လှန်ရေး၌ ပါကြမည် မဟုတ်ချေ။ |
| ၂၁။ | **لَقَدْ كَانَ لَكُمْ فِي رَسُولِ اللَّهِ أُسْوَةٌ حَسَنَةٌ لِّمَن كَانَ يَرْجُو اللَّهَ وَالْيَوْمَ الْآخِرَ وَذَكَرَ اللَّهَ كَثِيرًا۝**<br>သင်တို့အထဲမှ ပရမတ်ဘုရားရှင်နှင့် နောင်ဘဝအား မျှော်လင့်ကိုးစား၍၊ ပရမတ်ဘုရားရှင်အား မြောက်များစွာ ရှုမှတ်သတိရ သူတို့ အတွက် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင်၌ အကောင်းမွန်ဆုံးသော စံနမူနာ ရှိနေ၏။ |
| ၂၂။<br><br>၃၈း၁၁<br>၅၄း၅၅ | **وَلَمَّا رَأَى الْمُؤْمِنُونَ الْأَحْزَابَ قَالُوا هَذَا مَا وَعَدَنَا اللَّهُ وَرَسُولُهُ وَصَدَقَ اللَّهُ وَرَسُولُهُ وَمَا زَادَهُمْ إِلَّا إِيمَانًا وَتَسْلِيمًا۝**<br>ယုံကြည်သူများက မဟာမိတ်တပ်တို့အား တွေ့မြင်ရသောအခါ၊ "ဤသည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင် ကတိပေးထားရာ ဖြစ်၏။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်သည် ဖြောင့်မတ်မှန်ကန် |

| | |
|---|---|
| | ၏၊’’ဟု ဆိုကြ၍၊ သူတို့၏ ယုံကြည်မှုနှင့် ငြိမ်းချမ်းရေးဆောင်မှုကို တိုးစေ၏။ |
| ၂၃။ | مِنَ الْمُؤْمِنِينَ رِجَالٌ صَدَقُوا مَا عَاهَدُوا اللَّهَ عَلَيْهِ فَمِنْهُم مَّن قَضَى نَحْبَهُ وَمِنْهُم مَّن يَنتَظِرُ وَمَا بَدَّلُوا تَبْدِيلًا ۞<br>ယုံကြည်သူများအနက်၊ ပရမတ်ဘုရားရှင်အား ကတိပြုထားသည်ကို ဖြောင့်မှန်စွာရပ်တည်သော လူသားတို့ ရှိ၏။ သူတို့အနက် သံမိဋ္ဌာန်ကို အတည်ပြုသွားသူ ရှိ၏။ စိုးစဉ်းမျှ မယိမ်းမယိုင် စောင့်စားနေသူများလည်း ရှိ၏။[၈၂၇] |
| ၂၄။ | لِيَجْزِيَ اللَّهُ الصَّادِقِينَ بِصِدْقِهِمْ وَيُعَذِّبَ الْمُنَافِقِينَ إِن شَاءَ أَوْ يَتُوبَ عَلَيْهِمْ إِنَّ اللَّهَ كَانَ غَفُورًا رَّحِيمًا ۞<br>ပရမတ်ဘုရားရှင်သည် ဖြောင့်မှန်သူတို့အား ဖြောင့်မှန်ခြင်း အကျိုးကိုပေးရန်၊ သီလကြောင်တို့အား စံချိန်အလျောက် ဝဋ်ကြွေးသင့်စေရန် သို့မဟုတ် သင်ပုန်းချေပေးရန် အတွက် ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၂၅။ | وَرَدَّ اللَّهُ الَّذِينَ كَفَرُوا بِغَيْظِهِمْ لَمْ يَنَالُوا خَيْرًا وَكَفَى اللَّهُ الْمُؤْمِنِينَ الْقِتَالَ وَكَانَ اللَّهُ قَوِيًّا عَزِيزًا ۞<br>ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော သူတို့အား သူတို့၏ ဒေါသဖြင့်ပင် တန်ပြန်စေတော်မူ၏။ သူတို့အတွက် ကောင်းကျိုးလုံးဝ မခံစားရချေ။ ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့အား သူတို့၏ တိုက်ခိုက်ခြင်းမှ ဖယ်ရှားပေးတော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်အရှင် ဘုန်းတော်အရှင် ဖြစ်တော်မူ၏။ |
| ၂၆။<br><br>၂း၈၆ | وَأَنزَلَ الَّذِينَ ظَاهَرُوهُم مِّنْ أَهْلِ الْكِتَابِ مِن صَيَاصِيهِمْ وَقَذَفَ فِي قُلُوبِهِمُ الرُّعْبَ فَرِيقًا تَقْتُلُونَ وَتَأْسِرُونَ فَرِيقًا ۞<br>အရှင်သည် သူတို့အား ကျောထောက်နောက်ခံပေးသော ကျမ်းစာဝိုင်းသားများအား သူတို့၏ခံတပ်များမှ မောင်းချတော်မူ၏၊ သူတို့၏ စိတ်နှလုံး၌ ကြောက်စိတ်ဖြင့် ဝန်ပိစေ၏၊ တစ်စုသည် သင်တို့၏ တော်လှန်ခြင်းကို ခံရ၍၊ တစ်စုအား သုံ့ပန်းအဖြစ် ဖမ်းမိစေ၏။[၈၂၈] |
| ၂၇။ | وَأَوْرَثَكُمْ أَرْضَهُمْ وَدِيَارَهُمْ وَأَمْوَالَهُمْ وَأَرْضًا لَّمْ تَطَؤُوهَا وَكَانَ اللَّهُ عَلَى كُلِّ شَيْءٍ قَدِيرًا ۞<br>အရှင်က သင်တို့ မဆက်ခံခဲ့ဘူးသော သူတို့၏မြေများ၊ သူတို့၏ အိုးအိမ်များ၊ သူတို့၏ ဉစ္စာပစ္စည်းများကို သင်တို့အား အမွေဆက်ခံစေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော် မူနိုင်၏။ |
| ၂၈။<br>လုပ<br>သော | يَا أَيُّهَا النَّبِيُّ قُل لِّأَزْوَاجِكَ إِن كُنتُنَّ تُرِدْنَ الْحَيَاةَ الدُّنْيَا وَزِينَتَهَا فَتَعَالَيْنَ أُمَتِّعْكُنَّ وَأُسَرِّحْكُنَّ سَرَاحًا جَمِيلًا ۞<br>အို သတင်းတော်ဆောင်၊ သင်၏ ပေါင်းဖေါ်တို့အား ဟောပြောရမည်မှာ “သင်မတို့သည် ဤလောကီ သက်တမ်းနှင့် လှပတင့်တယ်မှုကို လိုလားကြလျှင်၊ လာကြကုန်လော့ ကျွန်ုပ် ဖြည့်ဆီးပေးမည် ထို့နောက် **နှောင်ကြိုးမဲ့** လွတ်လပ်ခြင်း |

(၈၂၇) ဤသုတ်တော်မှ **မန်း ကသွာ နဟ်ဘာဟ် من قضى نحبه** ကို ဆရာတော်ကြီးများက **တိုက်ပွဲတွင် ကျဆုံးခြင်းအားဖြင့် အဓိဋ္ဌာန်ကို ဖြည့်ဆီးသွားကြ၏** ဟု ပြန်ဆိုကြပေသည်။ သို့သော် အာရဗီမူရင်းတွင် **တိုက်ပွဲတွင် ကျဆုံးခြင်း၊ အသတ်ခံရခြင်း** ဆိုသော စကားလုံးများ မပါဝင်ချေ။ ထို့ကြောင့်တော်လှန်ရေးအတွက် မိမိအဓိဋ္ဌာန်ပြုထားသည့် အတိုင်း အကောင်အထည် ဖေါ်ခြင်း အားလုံး အကျုံးဝင်ပေသည်။

(၈၂၈) ဤသုတ်တော်တွင် ဖေါ်ပြသော ရန်သူ မဟာမိတ်တပ်များကို ကျောထောက်နောက်ခံပေးခဲ့သော ကျမ်းစာဝိုင်းသားများ ဆိုသည်မှာ မဒီနာမှ ဂျူးများ ဖြစ်သည်ဟု ဆရာစဉ် သမိုင်းဆရာတို့က ဆိုပေသည်။ ထိုအဆိုမှာ မမှားပေ– သို့သော် သုံးသပ် ဆင်ခြင်ရန် လိုအပ်ပေသည်။ အစ္စလာမ် သာသနာသည် ရန်လိုသော သာသနာ မဟုတ်သကဲ့သို့ ကျမ်းတော်တွင်လည်း ဂျူးလူမျိုးအားလုံးမှာ အစ္စလာမ်သာသနာ အပေါ်၌ မလို မုန်းထားကြီးခဲ့သည်ဟု ဆိုထားခြင်း မရှိချေ။ ဤသုတ်တော်ပါ– **မင်း အာဟ်လိ ကိတာ့ဘ်** ဆိုသည်မှာ ကျမ်းစာဝိုင်းသားများမှ (တစ်ချို့) ဟုသာ အဓိပ္ပါယ်ကို ပေး၍၊ (အားလုံး) ဟု မဆိုလိုချေ။ ထိုစဉ် အစ္စလာမ်များအား တိုက်သော အဓိက ရန်သူ မဟာမိတ်များမှာ အာရဗ်လူမျိုး မက္ကာဟ် သားတို့သာ ဖြစ်၍ သူတို့အား ထောက်ခံသော မွတ်ဆလင် မဟုတ်သူများ ရှိခဲ့သကဲ့သို့ မွတ်ဆလင် ထဲမှလည်း သူတို့အား ထောက်ခံသူ (အတွင်းသူလျှို) များ ရှိသည် ဟု ဤသုတ်တော်များတွင်ပင် ဖေါ်ပြနေပါလျှက်– အမှန် အမှန်အတိုင်း မသုံးသပ်ဘဲ၊ လူမျိုးတစ်မျိုးအား အာဃာတရားဖြင့် သုံးသပ်ခြင်းသည် ၅း၈ ပါ ကျမ်းတော်၏ သွန်သင်ချက်အား စော်ကား ခြင်းသာ ဖြစ်ပေသည်။

| | |
|---|---|
| | ဖြင့် လွတ်လပ်ခွင့် ပေးလိုက်မည်၊[၈၂၉] |
| ၂၉။ | **وَإِن كُنتُنَّ تُرِدْنَ اللَّهَ وَرَسُولَهُ وَالدَّارَ الْآخِرَةَ فَإِنَّ اللَّهَ أَعَدَّ لِلْمُحْسِنَاتِ مِنكُنَّ أَجْرًا عَظِيمًا** ۞<br>အကယ်၍ သင်တို့သည် ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်တော်ဆောင်နှင့် နောင်ဘဝ ဗိမာန်ကို လိုလားကြလျှင်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့မှ ကောင်းမွန်သူများအတွက် ဆုလဒ်ကြီးကို ပြင်ဆင်ထားလေပြီ၊”ဟု ဖြစ်၏။ |
| ၃၀။ | **يَا نِسَاء النَّبِيِّ مَن يَأْتِ مِنكُنَّ بِفَاحِشَةٍ مُّبَيِّنَةٍ يُضَاعَفْ لَهَا الْعَذَابُ ضِعْفَيْنِ وَكَانَ ذَلِكَ عَلَى اللَّهِ يَسِيرًا** ۞<br>အို သတင်းတော်ဆောင်၏ အမျိုးသမီးတို့၊ သင်တို့အနက် မကြားဝံ့မနာသာသော ပြစ်မှုကို ကျူးလွန်သူ၏ အတွက် ဝင့်ကြွေးသည် ဆထက်တိုး ဖြစ်၏။ ဤသို့ဆောင်ရွက်ရန် ပရမတ်ဘုရားရှင်အတွက် လွယ်ကူလှချေ၏။ |
| ၃၀။ | **وَمَن يَقْنُتْ مِنكُنَّ لِلَّهِ وَرَسُولِهِ وَتَعْمَلْ صَالِحًا نُّؤْتِهَا أَجْرَهَا مَرَّتَيْنِ وَأَعْتَدْنَا لَهَا رِزْقًا كَرِيمًا** ۞<br>သင်တို့မှ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား နာခံ၍ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသူ၊ သူမအား အကျိုးဆုလဒ် နှစ်ကြိမ် ချီးမြှင့်တော်မူ၏။ ငါသည် သူမအတွက် ကျက်သရေရှိသော ရိက္ခာကို ပြင်ဆင်ထား၏။ |
| ၃၂။ | **يَا نِسَاء النَّبِيِّ لَسْتُنَّ كَأَحَدٍ مِّنَ النِّسَاء إِنِ اتَّقَيْتُنَّ فَلَا تَخْضَعْنَ بِالْقَوْلِ فَيَطْمَعَ الَّذِي فِي قَلْبِهِ مَرَضٌ وَقُلْنَ قَوْلًا مَّعْرُوفًا** ۞<br>အို သတင်းတော်ဆောင်၏ အမျိုးသမီးတို့၊ သင်တို့သည် အခြား အမျိုးသမီး တစ်စုံတစ်ယောက်တို့ ကဲ့သို့ မဟုတ်ချေ။ သင်တို့သည် စည်းစောင့်ကြလျှင်၊ နှလုံးသား၌ ရောဂါရှိနေသော သူတို့အား စိတ်မှားနိုင်သည့် ဆွဲဆောင်မှုဖြင့် စကား မပြောကြလင့်၊ မျှတရည်ငံသော အပြောဖြင့် ပြောကြကုန်လော့။[၈၃၀] |
| ၃၃။ | **وَقَرْنَ فِي بُيُوتِكُنَّ وَلَا تَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْأُولَى وَأَقِمْنَ الصَّلَاةَ وَآتِينَ الزَّكَاةَ وَأَطِعْنَ اللَّهَ وَرَسُولَهُ إِنَّمَا** |

(၈၂၉) ဤသုတ်တော်ပါ၊ **أُسَرِّحْكُنَّ سَرَاحًا جَمِيلًا** **အုဆရ်ရိဟ် ကွန်းန ဆရာဟန် ဂျမီးလန်** ကို **လွတ်လပ်စွာ ကွာရှင်းပေးလိုက်မည်**ဟု ဘာသာပြန် ဆိုကြပေသည်။ ထိုစကားလုံးတွင် **ကွာရှင်းပေးမည်**ဟူသော စကား လုံးဝ မပါဝင်ပေ။ ဆရာတော်ကြီးများက ကိုယ်တော်၏ **ကြင်ဖော်များ**ဟု သုံးသော **ဇောင်းဝ်ဂျွန် ج زوز** ဟူသည့် ဝေါဟာရအား လက်ထပ်ထားသည့် ကာမပိုင် ဇနီးမယားဖြစ်ရမည်ဟု ဆုံးဖြတ်၍ မရချေ။ **ဇောင်းဝ်ဂျွန် ج زوز** ၏ ဆိုလိုချက်များကို ၃၃း၃၇ ရှင်းလင်းချက်တွင် ကြည့်ပါ။ ကိုယ်တော်၏ အုပ်ချုပ်ထိန်းသိမ်းမှုအောက်တွင် နေသော၊ စောင့်ရှောက် ကွပ်ကဲမှု အောက်တွင် နေသော သူများကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထို အမျိုးသမီးများ အနေဖြင့် စည်ကမ်းနည်းလမ်း တကျ မနေဘဲ၊ အောက်ဖော်ပြပါ သုတ်တော်များ အရ စာပေပညာ လေ့လာလိုက်စားခြင်း မရှိ၊ တည်တည်ငြိမ်ငြိမ်မရှိ လမ်းသလားခြင်းများ၊ အချီးနှီး အချိန်ဖြုန်းတီးခြင်းများ၌ ပျော်ပိုက်နေမည် ဆိုက၊ ကိုယ်တော်၏ အုပ်ထိန်း စောင့်ရှောက်မှုအောက်တွင် ဆက်နေရန် မလိုတော့ကြောင်း မိမိစိတ်အလိုအလျှောက် ပျော်ပိုက်ရာ၌ လွတ်လပ်စွာ နေထိုင် ခွင့် ရှိကြောင်းကို ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ဤစကားလုံး **ဆရဟ** သည် လူသတ်မှု၌ လွတ်ငြိမ်းခွင့်ပေးခြင်း၊ ကျေးကျွန်တစ်ဦးအား လွတ်ပေးခြင်း၊ စသော လွတ်လပ်ခွင့်ကိုသာ သုံးပေသည်။ ကွာရှင်းခြင်း မဟုတ်ပေ။ တနည်းအားဖြင့် ကိုယ်တော်သည် ဘဝလုံခြုံမှုရှိစေရန် ထိုအမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ထားခြင်းသာ ဖြစ်၍၊ ကာမဆက်ဆံသည့် ဇနီးများအဖြစ် ယူငင်သိမ်းပိုက်ခဲ့ခြင်း မဟုတ်ကြောင်းကို ဤစကားလုံးက သက်သေ ပြနေပေသည်။ ၃၃း၄၉ တွင်ဆက်ကြည့်ပါ။

(၈၃၀) ဤသုတ်တော်မှ ဆွဲဆောင်မှုဖြင့် စကားမပြောကြလင့် ဆိုသည်မှာ “မာယာသံ၊ ကြာသံများဖြင့် မပြောကြလင့်၊” ဟု အဓိပ္ပါယ် မသက်ရောက်ပေ၊ ကိုယ်တော်၏ ကြင်ဖော်များသည် ဖောက်ပြန်လော်မာမှု မရှိကြလင့်ဟု ဆုံးမနေရန် မလိုသော ကိုယ်ကျင့်သိက္ခာလုံခြုံပြီးသား အမျိုးသမီးများ ဖြစ်ပေသည်။ ဤသုတ်တော်၏ အဓိက ဆိုလိုချက်မှာ မိမိ၏ အုပ်ထိန်းသူ ကိုယ်တော် မုဟမ္မဒ်သည် လူထု၏ ခေါင်းဆောင် အမျိုးသား ခေါင်းဆောင် ဖြစ်သည်၊ ထိုကဲ့သို့ ခေါင်းဆောင်၏ အနီးကပ် စောင့်ရှောက်ခံများ အနေဖြင့် နောက်လိုက်များနှင့် ဆက်ဆံရာတွင် ဘက်မလိုက်မိရန် အရေးကြီးသည်၊ လူတစ်ဦးဦး၊ မျိုးနွယ် တစ်ခုခုအား ဘက်လိုက်သလို ဖြစ်သော စကားကို ပြောမိပါက မလိုလားအပ်သော ပြဿနာများ ကြီးထွား လာနိုင်ပေသည်။ ထို့ကြောင့် အမှန်ကို အမှန်အတိုင်း လိမ္မာပါးနပ် တရားမျှတစွာ ပြောဆိုရန် “မျှတရည်ငံသော အပြောဖြင့် ပြောကြကုန်လော့၊” ဟူသော တရားမျှတသည် **မာ့အ်ရူးဖ် معروف** ကို သုံး၍ ဆုံးမထားခြင်း ဖြစ်ပေသည်။ ထို့ကြောင့် တရားမျှတခြင်းဟူသည့် ပညာရပ် သဘောထားများကို သိရန် အချိန်မဖြုန်းဘဲ တရားမျှတသော ပညာရပ်ကို ရှာဖွေ၊ ဆည်းပူး လေ့လာ မှတ်သားရမည်ဟု အောက်ပါ သုတ်တော်များက ဆက်လက် သွန်သင်ထားပေသည်။

| | |
|---|---|
| | يُرِيدُ اللَّهُ لِيُذْهِبَ عَنكُمُ الرِّجْسَ أَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيرًا۝ <br> သင်တို့၏ အိမ်များ၌ အိမ်နေမြဲကြလော့၊ ရှေးဦးပထမ ပညာမဲ့ခေတ်က လမ်းသလား သကဲ့သို့ လမ်းမသလားကြလင့်၊ စိတ်သင်တန်း၌ မြဲကြလော့၊ လူမှုဖူလုံကြေး ပေးကမ်းကြလော့၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇ္ဇာစဉ်တော်ဆောင်အား နာခံကြလော့၊ ပရမတ်ဘုရားရှင်သည် သင်တို့ထံမှ အတိတ်အပြစ်များကို ရုပ်သိမ်းပစ်လို၏။ အို အိမ်တော်၏ ဝိုင်းသား အပေါင်းတို့ သင်တို့အား ဖြူစင်သန့်ရှင်းမှုဖြင့် ဖြူစင်သန့်ရှင်း စေလို၏။[၈၃၁] |
| ၃၄။ | وَاذْكُرْنَ مَا يُتْلَى فِي بُيُوتِكُنَّ مِنْ آيَاتِ اللَّهِ وَالْحِكْمَةِ إِنَّ اللَّهَ كَانَ لَطِيفًا خَبِيرًا۝ <br> သင်တို့၏ အိမ်၌ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများနှင့် ဓမ္မသတ်များကို ရွတ်ဖတ်လေ့လာ၊ သတိရစေကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် အသေးစိတ်သိနေတော်မူ၏၊ သတင်းသိနေတော်မူ၏။[၈၃၂] |
| ၃၅။ | إِنَّ الْمُسْلِمِينَ وَالْمُسْلِمَاتِ وَالْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَالْقَانِتِينَ وَالْقَانِتَاتِ وَالصَّادِقِينَ وَالصَّادِقَاتِ وَالصَّابِرِينَ وَالصَّابِرَاتِ وَالْخَاشِعِينَ وَالْخَاشِعَاتِ وَالْمُتَصَدِّقِينَ وَالْمُتَصَدِّقَاتِ وَالصَّائِمِينَ وَالصَّائِمَاتِ وَالْحَافِظِينَ فُرُوجَهُمْ وَالْحَافِظَاتِ وَالذَّاكِرِينَ اللَّهَ كَثِيرًا وَالذَّاكِرَاتِ أَعَدَّ اللَّهُ لَهُم مَّغْفِرَةً وَأَجْرًا عَظِيمًا۝ <br> ကေန်ပင် ငြိမ်းချမ်းရေးပြုသူ၊ ငြိမ်းချမ်းရေးပြုသောသူမ၊ ယုံကြည်သူ ယုံကြည်သောသူမ၊ ကျိုးငဲ့သူ ကျိုးငဲ့သော သူမ၊ ဖြောင့်မှန်သူ၊ ဖြောင့်မှန်သောသူမ၊ သည်းခံသူ၊ သည်းခံသော သူမ၊ ရိုကျိုးသူ ရိုကျိုးသောသူမ၊ အလှူပေးသူ၊ အလှူပေးသော သူမ ဥပုသ်သီလစောင့်သူ၊ ဥပုသ်သီလစောင့်သော သူမ၊ ကိုယ်အင်္ဂါများကို စောင့်ထိမ်းသူ၊ စောင့်ထိမ်းသော သူမ၊ ပရမတ်ဘုရားရှင်အား များစွာ ရှုမှတ်သတိရသူ၊ သတိရသော သူမ၊ ထိုသူများအတွက် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းခွင့်နှင့် ကြီးမားသော အကျိုးဆုကို အသင့်ပြင်ထားတော်မူ၏။ |
| ၃၆။ | وَمَا كَانَ لِمُؤْمِنٍ وَلَا مُؤْمِنَةٍ إِذَا قَضَى اللَّهُ وَرَسُولُهُ أَمْرًا أَن يَكُونَ لَهُمُ الْخِيَرَةُ مِنْ أَمْرِهِمْ وَمَن يَعْصِ اللَّهَ وَرَسُولَهُ فَقَدْ ضَلَّ ضَلَالًا مُّبِينًا۝ <br> ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇ္ဇာစဉ်တော်ဆောင်က စီမံချက်တစ်ခုအား အတည်ပြုဆုံးဖြတ်ပြီးလေသော်၊ သူတို့၏ |

(၈၃၁) ဤသုတ်တော်က ကိုယ်တော်မုဟမ္မဒ်၏ ကြင်ဖေါ်များအား အိမ်တွင်းပုန်းဝါဒကို ကျင့်သုံးခိုင်းစေသည် ထို့ကြောင့် မွတ်ဆလင် အမျိုးသမီးတို့သည်လည်း ၎င်းကို စံနမူနာယူ၍ အိမ်တွင်းပုန်းဝါဒဖြင့် နေနေရမည်ဟု လုံးဝ မဆိုလိုပေ။ ဤသုတ်တော်မှ **အိမ်နေမြဲကြလော့၊ လမ်းမသလားကြလင့်၊** ဆိုသော ဆုံးမစကားသည် သိက္ခာရှိသော လူမျိုးတိုင်းအတွက် ရှင်းရှင်းလင်းလင်း နားလည်သော စကားဖြစ်ပေသည်။ ထိုဆုံးမစကားကို **အိမ်တွင်းပုန်းကြနေကြလော့၊** ဟု မည်သို့မှ တွေးတောပြောယူ၍ မရနိုင်ပေ။ ဤသုတ်တော်တွင်ပင် ကိုယ်တော်၏ အမျိုးသမီးများအား လူမှုရေး လုပ်ငန်းများ လုပ်ဆောင်ရန် **စိတ်သင်တန်း၌ မြဲကြလော့၊ လူမှုဖူလုံကြေး ပေးကြလော့** ဟု သွန်သင်ထားပေသည်။ စိတ်သင်တန်း၊ စိတ်ဓါတ်လေ့ကျင့်မှု ဟု အနက်ရသော ဆွလတ် ဝတ်ပြုရာတွင် လူ့အသိုင်းအဝိုင်းနှင့် လူထုရေးရာများ ပါဝင်သည့် အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ် သက်ကြီးရွယ်အိုများ အစုအစည်းလိုက် ဝတ်ပြုခြင်းကို ပါဝင်ကြရန် ယုံကြည်သူအားလုံးကို ၆၂း၉ တွင် ဆင့်ဆိုထားပေသည်။ အကယ်၍ သူမတို့အား ထိုသို့ အစုအစည်းလိုက်ဝတ်ပြုခြင်းမှ မောင်းထုတ်ပစ်လျှင် (အိမ်တွင်းပုန်းနေစေလျက် စုစည်း ဆွလွတ်လာတ် ကို လာခွင့် မရှိလျှင်) သူမတို့အား ယုံကြည်သူများ အနက်မှ မောင်းထုတ်ပစ်ခြင်း မည်ပေသည်။ ကိုယ်တော်၏ ကြင်ဖေါ်များအား အိမ်နေမြဲစေရန် ဆုံးမသော အကြောင်းရင်းကို သည့်နောက် ရှင်းလင်းချက်တွင် ဆက်ကြည့်ပါ။

(၈၃၂) ဤသုတ်တော်က ကိုယ်တော်၏ ကြင်ယာတော်များအား အိမ်နေမြဲစေရန် ဆုံးမရသည့် အကြောင်းရင်းနှင့် ဤကုရ်အာန်ကျမ်းတော်သည် ထိုစဉ်ကပင် ရေးမှတ်–မှတ်တမ်းတင်နေသော ကျမ်းတော်ဖြစ်ကြောင်းကို အတိအကျ ထောက်ပြနေပေသည်။ ကိုယ်တော်၏ ကြင်ဖေါ်တော်များသည် ပညာဆည်းပူးနေသူများ ဖြစ်ရမည်၊ ကျမ်းတော်ပါ အဆုံးအမများကို တိကျစွာ သိရှိနေသူများ ဖြစ်ရမည်၊ သို့အတွက် သူမတို့အနေဖြင့် လမ်းသလား– အချိန်ဖြုန်းရေး၍ မရချေ။ သူမတို့အနေဖြင့် လိုအပ်သော အချိန်နှင့်အမျှ ဈေးသွားနိုင်သည်၊ အခြားလူမှုရေး လုပ်ငန်းများကို သွားလာဆောင်ရွက် နိုင်ပေသည်။ သို့သော် အကြောင်းမဲ့ အချိန်ကုန်ခြင်းမျိုး မဖြစ်စေရန်၊ ပညာကိုသာ တစ်စိုက်မတ်မတ် ဆည်းပူးစေရန် ဆုံးမခြင်း ဖြစ်သည်။ ထို အကြောင်းကို **သင်တို့၏ အိမ်၌ သုတ်ဒေသနာများနှင့် ဓမ္မသတ်များကို ရွတ်ဖတ်လေ့လာ၊ သတိရစေကြလော့၊** ဟူသော စကားက အတိအကျ ထောက်ပြထားပေသည်။ မည်သည့် ပညာသင် ပညာရှာသော အမျိုးသား အမျိုးသမီးမဟူ လမ်းသလား အချိန်ဖြုန်းနေ၍ ပညာတတ်ကြီး ဖြစ်လာနိုင်ရန် အကြောင်း မရှိပေ။ အထူးသဖြင့် ကိုယ်တော်၏ ကြင်ဖေါ်များသည် ခေါင်းဆောင်၏ အုပ်ထိန်းခံများ ဖြစ်သောကြောင့် နောက်လိုက်များနှင့် ဆက်ဆံရေးတွက် ဘက်မလိုက်မိရန်၊ မျှမျှတတ ဖြစ်စေရန် ပိုမို၍ အရေးကြီးကြောင်း သုတ်တော် ၃၂ တွင် သွန်သင်ထားပေသည်။

| | |
|---|---|
| | စီမံချက်အား ထပ်လောင်း တင်ပြခြင်းကို ယုံကြည်သူ၊ ယုံကြည်သော သူမတို့ မပြုအပ်ချေ။ ပရပတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား ဆန့်ကျင်ခြင်းသည် ရှင်းလင်းသော လွဲမှားခြင်းဖြင့် လွဲမှားသူသာ ဖြစ်၏။ |
| ၃၇။ | **وَإِذْ تَقُولُ لِلَّذِي أَنْعَمَ اللَّهُ عَلَيْهِ وَأَنْعَمْتَ عَلَيْهِ أَمْسِكْ عَلَيْكَ زَوْجَكَ وَاتَّقِ اللَّهَ وَتُخْفِي فِي نَفْسِكَ مَا اللَّهُ مُبْدِيهِ وَتَخْشَى النَّاسَ وَاللَّهُ أَحَقُّ أَن تَخْشَاهُ فَلَمَّا قَضَى زَيْدٌ مِّنْهَا وَطَرًا زَوَّجْنَاكَهَا لِكَيْ لَا يَكُونَ عَلَى الْمُؤْمِنِينَ حَرَجٌ فِي أَزْوَاجِ أَدْعِيَائِهِمْ إِذَا قَضَوْا مِنْهُنَّ وَطَرًا وَكَانَ أَمْرُ اللَّهِ مَفْعُولًا** ۞<br>ပရမတ်ဘုရားရှင်က ဂုဏ်ပေးသောသူ၊ သင်ကလည်း ဂုဏ်ပေးသောသူ၊ ထိုသူအား သင်က "သင့်ပေါင်းဖေါ်အား ထိမ်းသိမ်းထားလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်လော့၊"ဟု ပြောသောအခါ၊ သင်သည် လူသားတို့ကို စိုးကြောက်၍ ပရမတ်ဘုရားရှင်က တရားအလင်းတစ်ခုပေးမည်ကို သင့်စိတ်ဉာဉ်၌ ဖုံးဖိထား၏။ ပရမတ်ဘုရားရှင်အား စိုးကြောက်ခြင်းသည်သာ သစ္စာတရား ဖြစ်၏၊ သို့ဖြင့် ဇိုဒ်၏ ကိစ္စအား ပြီးပြတ်ပြီးသောအခါ၊ ငါသည် သူမကို သင်၏ အဖေါ် စောင့်ရှောက်ခံအဖြစ် ကြည့်ရှုစေပြီ၊ မွေးစားသားတို့၏ ဇနီးမိန်းမများအား သူမတို့၏ အမှုကိစ္စ ပြီးပြတ်သော အခါ၊ ကြည့်ရှုစောင့်ရှောက်ရာ၌ ယုံကြည်သူများအတွက် စိတ်မွန်းကြပ်မှု မရှိရစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် စီမံချက်များကို ပြီးပြည့်စုံစေတော်မူ၏။[၁၃၃] |
| ၃၈။ | **مَّا كَانَ عَلَى النَّبِيِّ مِنْ حَرَجٍ فِيمَا فَرَضَ اللَّهُ لَهُ سُنَّةَ اللَّهِ فِي الَّذِينَ خَلَوْا مِن قَبْلُ وَكَانَ أَمْرُ اللَّهِ قَدَرًا مَّقْدُورًا** ۞<br>ပရမတ်ဘုရားရှင်၏ ပေးသောတာဝန်ကြောင့် သတင်းတော်ဆောင်၏ အပေါ်၌ စိတ်မွန်းကြပ်မှု မရှိစေပေ။ ဤမတိုင်မီ ရှေးလွန်လေပြီးသော သူများကိုလည်း ပရမတ်ဘုရားရှင်၏ ဤနည်းနာအတိုင်း ပြုစေ၏။ ပရမတ်ဘုရားရှင်၏ စီမံချက်သည် စည်းစနစ်ကျသော စည်းကြပ်မတ်မှုပင်ဖြစ်၏။ |
| ၃၉။ | **الَّذِينَ يُبَلِّغُونَ رِسَالَاتِ اللَّهِ وَيَخْشَوْنَهُ وَلَا يَخْشَوْنَ أَحَدًا إِلَّا اللَّهَ وَكَفَى بِاللَّهِ حَسِيبًا** ۞<br>သူတို့သည် ပရမတ်ဘုရားရှင်၏ စေစားချက်များကို ရင့်သန်စေခဲ့ကြ၏။ အရှင့်ကိုသာ ကြောက်ရွံ့ရိုကျိုးကြ၏။ ပရမတ် |

**(၁၃၃)** ဤသုတ်တော်အား ဆရာ့ဆရာကြီးများက "ကိုယ်တော်မုဟမ္မဒ်၏ မွေးစားသားဖြစ်သော ဇိုဒ်သည် သူ့ဇနီးသည် (ဇိုင်နာ့ဗ်)နှင့် ကွာရှင်းပြတ်စဲ ပြီးသောအခါ၊ ထိုဇိုင်နာ့ဗ်အား ကိုယ်တော်မုဟမ္မဒ်အား လက်ထပ်ထိမ်းမြားယူရန် အတွက် ပရမတ်ဘုရားရှင် အလ္လာဟ်က ကိုယ်တော်မုဟမ္မဒ်အား မိန့်ညွှန်သည်၊ ထိုသို့ မိန့်ညွှန်ခြင်းမှာ ယုံကြည်သူတို့အတွက် မွေးစားသားသည် သားအရင်း မဟုတ်ကြောင်း သက်သေပြရန်၊ မွေးစားသားတို့ ကွာရှင်းသော ဇနီးသည်မှာ ထိုမွေးစားသား၏ ဖခင်နှင့် မည်သို့မှ မသက်ဆိုင်သည့်အတွက် ထိမ်းမြားလက်ထပ်လိုက ထိမ်းမြား လက်ထပ် ယူနိုင်ခွင့်ရှိရန် ထိုသို့ ဆောင်ရွက်ရာနိုင် စိတ်မွန်းကြပ်မှု မရှိစေရန် ဖြစ်သည်" ဟု ဘာသာပြန်ဆို ဖွင့်ဆိုကြပေသည်။ သို့သော် မူရင်း အာရဗီစာပိုဒ်တွင် ဇိုဒ်နှင့် သူ၏ ဇနီးသည် အပြီးသတ်ကွာရှင်း "တွလာ့က်" ခဲ့သည်ဟုလည်းကောင်း၊ ကိုယ်တော်မုဟမ္မဒ်သည် သူမအား ထိမ်းမြား လက်ထပ် ယူခဲ့သည် "နေကာဟ်" ပြုခဲ့သည်ဟုလည်းကောင်း၊ လုံး၀ မပါရှိပေ။ ဆရာတော်ကြီးများက **၀တွရမ် وَطَرًا** (**၀တွရ وطر**) ကို ကွာရှင်းသည်ဟု ပြန်ဆိုကြပေသည်။ **၀တွရ وطر** ၏ အနက်မှာ ကြည့်ရှုရန် ရည်သန်သည် (Aim to view, wish, wanted) ဟုသာ ဖြစ်ပေသည်။ သို့ဖြစ်၍ သားဖြစ်သူက ကြည့်ရှုရန် ဆန္ဒမရှိသူကို မိဘတို့ဘက်က ကြည့်ရှုထားနိုင်ခြင်းသာ ဖြစ်ပေသည်။ ဤနေရာ၌ **သူတို့၏ မွေးစားသားဟူသော** စကားမှ "သူတို့၏" ဆိုသည့် အညွှန်းသည် မွေးစားသူ "မိခင်၊ ဖခင်" နှစ်ဦးလုံးကို ရည်ညွှန်းပေသည်။ "ဖခင် ဆိုသည့် အမျိုးသား တစ်ဦးတည်းကိုသာလျှင် ရည်ညွှန်းခြင်း မဟုတ်ချေ။" ဤသုတ်တော်တွင် ကိုယ်တော်၏ ကြင်ဖေါ်အဖြစ် ဟူသော စကားလုံး **ဇောင်း၀်၀့်ဂျ်နာကဟာ زَوَّجْنَاكَهَا** မှ **ဇောင်း၀်ဂျွန် زوج** ကိုလည်း လက်ထပ်မယားသာ ဖြစ်ရမည်ဟု ဘာသာပြန်ဆို၍ မရပေ။ ကျမ်းတော်တွင် **ဇောင်းဂျွန်**ကို သားသမီးကဲ့သို့ အဖေါ်ရသူများကိုလည်း သုံးပေသည်၊ (၄၂း၅၀)။ အဘိဓာန်များ တွင်လည်း ရဲဘော်ရဲဘက် (comrade)ဟု အနက်ပေးခြင်းများကို ဖေါ်ပြထားပေသည်။ သားက ကြည့်ရှုစောင့်ရှောက်ခြင်း မရှိလိုသော သူမအား မိမိ မိဘဘက်မှ သဘောထားကြီးရမည်၊ သူမတို့အား ကြည့်ရှုစောင့်ရှောက်လိုက ကြည့်ရှု စောင့်ရှောက်ခွင့် ရှိပေသည်။ မုန်းတီးကာနှုတ်ဆက်ရန် မလိုသော သူမ အဖြစ် မသတ်မှတ်ရန်၊ သားနှင့် မပတ်သက်တော့သော်လည်း မိမိ၏ ရဲဘော် ရဲဘက်မှာ မိမိ၏ ရဲဘော်ရဲဘက်သာ ဆက်လက် ဖြစ်ရမည်ဟူသည့် ဥပဒေကို ချမှတ်ပေးခြင်း ဖြစ်ပေသည်။ ဤသည် လူသားချင်းအကြား အာဃာတများကို ဖြေဖျောက်ရန် ထို့အတွက် ပတ်ဝန်းကျင်က မည်သို့ပင် သမုတ်ပြောဆိုစေကာမူ စိတ်ခံစားမှု မဖြစ်ရန်၊ သွန်သင်ဆုံးမချက်သာ ဖြစ်ပေ သည်။ (၅၆း၇ တွင် ကြည့်ပါ။)

| | |
|---|---|
| | ဘုရားရှင်မှအပ အခြား တစ်စုံတစ်ယောက်ကိုမှ ကြောက်ရွံ့ခြင်း မရှိချေ။ ပရမတ်ဘုရားရှင်သည် စာရင်းရှင်းရာ၌ လုံလောက်တော်မူ၏။ |
| ၄၀။<br>☆<br>၅၃:၂ | مَّا كَانَ مُحَمَّدٌ أَبَا أَحَدٍ مِّن رِّجَالِكُمْ وَلَكِن رَّسُولَ اللَّهِ وَخَاتَمَ النَّبِيِّينَ وَكَانَ اللَّهُ بِكُلِّ شَيْءٍ عَلِيمًا ۞<br>မေတ္တေယျသည်☆သင်တို့၏ ယောကျ်ားသားမှ မည်သူ၏ ဖခင်မှ မဟုတ်။ သို့ရာတွင် ပရမတ်ဘုရားရှင်၏ ဥဇ္ဈစဉ်တော်ဆောင် ဖြစ်၏။ သတင်းတော်ဆောင်များ၏ အချုပ် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား သိနေတော်မူ၏။[၈၃၄] |
| ၄၁။ | يَا أَيُّهَا الَّذِينَ آمَنُوا اذْكُرُوا اللَّهَ ذِكْرًا كَثِيرًا ۞<br>အို ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား သတိရခြင်း များစွာဖြင့် သတိရကြကုန်လော့။ |
| ၄၂။ | وَسَبِّحُوهُ بُكْرَةً وَأَصِيلًا ۞<br>နေ့ဦး၊ ညဦးများတွင် အရှင့်အား ဦးထိပ်ထား ဂုဏ်တော်ရှုမှတ်လော့။ |
| ၄၃။<br>☆<br>၂:၁၀<br>☆၅၆ | هُوَ الَّذِي يُصَلِّي عَلَيْكُمْ وَمَلَائِكَتُهُ لِيُخْرِجَكُم مِّنَ الظُّلُمَاتِ إِلَى النُّورِ وَكَانَ بِالْمُؤْمِنِينَ رَحِيمًا ۞<br>အရှင်နှင့် အရှင်၏ နိမိတ်ဆောင်တို့သည်☆ သင်တို့အား အမိုက်မှောင်မှ အလင်းသို့ ထုတ်ယူရန် သင်တို့အပေါ် **အာရုံစိုက်နေကြ၏။**☆ အရှင်သည် ယုံကြည်သူများအားဖြင့် အကြင်နာရှင် ဖြစ်တော်မူ၏။[၈၃၅] |
| ၄၄။ | تَحِيَّتُهُمْ يَوْمَ يَلْقَوْنَهُ سَلَامٌ وَأَعَدَّ لَهُمْ أَجْرًا كَرِيمًا ۞<br>အရှင့်အား ဖူးတွေ့ရသော နေ့ကာလ၌၊ သူတို့အား "ငြိမ်းချမ်းကြစေသော်၊"ဟု နှုတ်ခွန်းဆက်၍၊ သူတို့အတွက် ကျက်သရေရှိသော ဆုလဒ်တော်အား ပြင်ဆင်ထားတော်မူ၏။ |
| ၄၅။ | يَا أَيُّهَا النَّبِيُّ إِنَّا أَرْسَلْنَاكَ شَاهِدًا وَمُبَشِّرًا وَنَذِيرًا ۞<br>အို သတင်းတော်ဆောင်၊ ငါသည် သင့်အား သက်သေအဖြစ်၊ သတင်းကောင်းဆောင်သူ၊ သတိပေးသူအဖြစ် စေစား |

---

**(၈၃၄)** ဤသုတ်တော်က၊ အဓိက အချက်နှစ်ချက်ကို ကြေငြာပေသည်။ (၁) ကိုယ်တော်သည် မိန်းမ အများရှိခဲ့၍၊ ထိုမိန်းမများနှင့် ကာမပျော်ဂုဏ်ခံစားခဲ့သည် ဆိုခြင်းမှာ လုံး၀ မဟုတ်ကြောင်း၊ ထိုမိန်းမများနှင့် သားရတနာပင် ထွန်းကားခဲ့၍ ထိုသားရတနာမှာ ငယ်စဉ်ကပင် ဆုံးပါးသွားကြောင်း ပြောဆိုချက်များမှာ ကိုယ်တော်အား မိန်းမအများ ယူခဲ့သည်ဟူသော သူတို့၏ စွပ်စွဲချက်ကို ထပ်ဆင့်ခိုင်မာစေရန် ပြုခဲ့ခြင်းသာ ဖြစ်ကြောင်း– အမှန်မှာ ယင်းသို့ မဟုတ်ကြောင်း **မုဟမ္မဒ်သည် သင်တို့ ယောကျာ်းသားများအနက် မည်သူ၏ ဖခင်မှမဟုတ်၊** ဟူသော ကြေငြာချက်က ခိုင်မြဲစေပေသည်။ သမိုင်းအရ ကိုယ်တော်သည် ဘီဘီခတီဂျာနှင့် ဇနီးမောင်နှံ သဘာ၀ နေထိုင်ခဲ့သည်၊ သမီးများ ထွန်းကားခဲ့သည်။ ထိုဘီဘီခတီဂျာ ကွယ်လွန်ပြီးနောက် သူတို့စွပ်စွဲထင်မှတ်သော ကိုယ်တော်၏ စောင့်ရှောက်ခံ အမျိုးသမီးများနှင့် ကလေးရခဲ့သည်ဟု မရှိချေ။ ကိုယ်တော်သည် မြုံအနေသူ မဟုတ်သကဲ့သို့ ကိုယ်တော်၏ အဖေါ်များသည်လည်း မြုံအနေကြသည် အရွယ်လွန်နေကြသည် မဟုတ်ချေ။ ဆင့်ပြန်ကျမ်း ပညာရှင် ဆရာတော်ကြီးများ၏ ဆိုစကားအတိုင်း လိုက်နာယုံကြည်ရန် ကျမ်းတော်တွင် ခိုင်လုံသော အထောက်အထား ပေးထားခြင်း မရှိချေ။ ကိုယ်တော်၏ ကြင်ဖေါ်များ ဆိုသည်ကို အထက်ပါ ရှင်းလင်းချက်တွင် ကြည့်ရှုနိုင်ပေသည်။ ကြင်ဘက်ဖြစ်သော်လည်း ကာမဆက်ဆံခြင်း မရှိသော ဇနီးမောင်နှံများ ရှိသည်ဟု ကျမ်းတော်၏ ၂:၂၃၆။ ၄:၂၃ တွင် ဖေါ်ပြထားပေသည်။ ထို့ကြောင့် ပဒေသရာဇ် အာဏာ ရှင်များအောက်တွင် ပဒေသရာဇ်မင်းများ၏ အလိုကျ ဖွင့်ဆို ပြုစုခဲ့သော် ဆင့်ပြန်သမိုင်းကျမ်းများကို ပြန်လည် ဆန်းစစ်ရန် လိုပေသည်။ လူရေး ဆင့်ပြန်ကျမ်းများထက် ပရမတ်ဘုရားရှင်သည် သာ ကုန်စင်သိနေကြောင်း ဤသုတ်တော်ကပင် ပြောဆိုထားပြီး၊ မုဟမ္မဒ်သည် သင်တို့ ယောကျ်ား သားများအနက် မည်သူ၏ ဖခင်မှ မဟုတ် ဆိုသည် ကိုလည်း ထိုသိနေတော်မူသော အရှင်က ကြေငြာခြင်းပင် ဖြစ်ပေသည်။ (၂) ကိုယ်တော် မုဟမ္မဒ်သည် ရှေးမှ ဥဇ္ဈစဉ်တော်ဆောင်၊ သတင်းတော်ဆောင်အပေါင်းတို့ ဟောကြားခဲ့သော နောက်ဆုံးပွင့် သတင်းတောင်ဆောင် (ပညတ် ဘုရားရှင်) ဖြစ်သည်ဟု ဤသုတ်တော်က တရားဝင် ကြေငြာထားပေသည်။ (၃၄:၇)။

**(၈၃၅)** ဤသုတ်တော်မှ **وَكَانَ بِالْمُؤْمِنِينَ رَحِيمًا ၀ကာနႏ ဘိမုအ်မေနီးန ရဟီးမန်** ကို ဆရာတော်ကြီးများက "အရှင်သည် ယုံကြည်သူတို့အတွက် အကြင်နာရှင် ဖြစ်တော်မူ၏။"ဟု ပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆို ပြန်ဆိုမှုမှာ သဒ္ဒါအရ လွဲချော်သည့်အပြင်– လောကအားလုံးအပေါ် အကြင်နာရှင် ဖြစ်တော်မူသော အရှင်အား ဘာသာပြန် တိမ်းချော်မှုအပေါ်တွင် ယုံကြည်သူများ အပေါ်၌သာ အကြင်နာထားသော အရှင်ဟူလို ဖြစ်သွားရပေသည်။ ဤသုတ်တော်တွင်ပါသော **၀ကာနႏ ဘိမုအ်မေနီးန ရဟီးမန်** ဆိုသည်မှာ **"အရှင်သည် ယုံကြည်သူများအားဖြင့် အကြင်နာရှင် ဖြစ်တော်မူ၏၊"**ဟု ဖြစ်၍၊ တရားတော်အား မသိသေးသော သူများအပေါ်၌လည်း အရှင်သည် အကြင်နာရှင် ဖြစ်၏၊ အရှင်၏ တရားတော်များအား ယုံကြည်သူများအားဖြင့် ထိုမသိသေးသော လူသားများထံသို့ အရောက်ပေးပို့နေသည့် အကြင်နာ တရားကို ဆိုလိုခြင်း ဖြစ်ပေသည်။

တော်မူ၏။

၄၆။ وَدَاعِيًا إِلَى اللَّهِ بِإِذْنِهِ وَسِرَاجًا مُّنِيرًا ۞
အရှင့် ခွင့်ပြုချက်ဖြင့် ပရမတ်ဘုရားရှင်ဘက်သို့ ဖိတ်ခေါ်သူ ဖြစ်စေ၏။ ထွန်းလင်းတောက်ပသော မီးရှူးတန်ဆောင် ဖြစ်၏။

၄၇။ وَبَشِّرِ الْمُؤْمِنِينَ بِأَنَّ لَهُم مِّنَ اللَّهِ فَضْلًا كَبِيرًا ۞
ယုံကြည်သူတို့အား ပရမတ်ဘုရားရှင်သည် သူတို့ကို ကျက်သရေ သိက္ခာပေးရန် သတင်းကောင်းဆောင်သူ ဖြစ်၏။

၄၈။ وَلَا تُطِعِ الْكَافِرِينَ وَالْمُنَافِقِينَ وَدَعْ أَذَاهُمْ وَتَوَكَّلْ عَلَى اللَّهِ وَكَفَى بِاللَّهِ وَكِيلًا ۞
ဖုံးကွယ်သူများနှင့် သီလကြောင်များအား မနာခံလင့်၊ သူတို့၏ ပုတ်ခတ်မှုအား လျစ်လျူရှုလော့၊ ပရမတ်ဘုရားအား ပုံအပ်ခိုကိုးလော့၊ ပရမတ်ဘုရားရှင်သည် ကိုးစားထိုက်သူအဖြစ် လုံလောက်တော်မူ၏။

၄၉။ يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نَكَحْتُمُ الْمُؤْمِنَاتِ ثُمَّ طَلَّقْتُمُوهُنَّ مِن قَبْلِ أَن تَمَسُّوهُنَّ فَمَا لَكُمْ عَلَيْهِنَّ مِنْ عِدَّةٍ
تَعْتَدُّونَهَا فَمَتِّعُوهُنَّ وَسَرِّحُوهُنَّ سَرَاحًا جَمِيلًا ۞
အို ယုံကြည်သော သူတို့၊ သင်တို့သည် ယုံကြည်သောသူမတို့အား လက်ထပ်သိမ်းဆည်း၍၊ သူမတို့အား မထိတွေ့
လုပ သော သေးမီ သူမတို့ကို ကွာရှင်းလေလျှင်၊ သင်တို့သည် သူမတို့၏ ကိစ္စ၌ စောင့်ဆိုင်းရက် ရေတွက်နေရန် မလိုချေ။ သူမတို့
အား ဖြည့်ဆည်းပေး၍၊ **နှောင်ကြိုးမဲ့** လွတ်လပ်ခြင်းဖြင့် သူမတို့အား လွတ်လပ်ခွင့်ပေးရမည်။[၈၃၆]

၅၀။ يَا أَيُّهَا النَّبِيُّ إِنَّا أَحْلَلْنَا لَكَ أَزْوَاجَكَ اللَّاتِي آتَيْتَ أُجُورَهُنَّ وَمَا مَلَكَتْ يَمِينُكَ مِمَّا أَفَاءَ اللَّهُ عَلَيْكَ وَبَنَاتِ عَمِّكَ وَبَنَاتِ عَمَّاتِكَ وَبَنَاتِ خَالِكَ وَبَنَاتِ خَالَاتِكَ اللَّاتِي هَاجَرْنَ مَعَكَ وَامْرَأَةً مُّؤْمِنَةً إِن وَهَبَتْ نَفْسَهَا لِلنَّبِيِّ إِنْ أَرَادَ النَّبِيُّ أَن يَسْتَنكِحَهَا خَالِصَةً لَّكَ مِن دُونِ الْمُؤْمِنِينَ قَدْ عَلِمْنَا مَا فَرَضْنَا عَلَيْهِمْ فِي أَزْوَاجِهِمْ وَمَا مَلَكَتْ أَيْمَانُهُمْ لِكَيْلَا يَكُونَ عَلَيْكَ حَرَجٌ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ۞
အို သတင်းတော်ဆောင်၊ ငါအရှင်သည် သင့်အတွက် ပေါင်းဖေါ်အဖြစ် တရားဝင်ပြုပေးသည်များမှာ၊ သင်က နှောင်ဖွဲ့
လက်ဆောင် ချီးမြှင့်ခဲ့သော သူမ၊ ပရမတ်ဘုရားရှင်က သင်၏ စစ်သုံ့ပန်း လက်အောက်ခံ ဩဇာခံ ဖြစ်စေသော သူမ၊
သင်နှင့်အတူ ပြောင်းရွှေ့ခဲ့ရသော သင့်ဘထွေး၏ သမီး၊ သင့်အရီး၏ သမီး၊ သင့်ဦးလေး၏ သမီး၊ သင့်အဒေါ်၏ သမီး၊
☆၄း၃ သတင်းတော်ဆောင်အား သူမ စိတ်စရိုက်ဖြင့် အပ်နှံ၍ သတင်းတော်ဆောင်ကလည်း သိမ်းဆည်းလိုသော☆ ယုံကြည်သူ
အမျိုးသမီးတို့ ဖြစ်၏။ သန့်သန့်စင်စင်ဖြစ်ခြင်းသည် သင်၌ အခြား ယုံကြည်သူများနှင့် ဂုဏ်ရည် မတူချေ။ သူတို့အပေါ်၌
သူတို့၏ ပေါင်းဖေါ်များ သူတို့၏ လက်အောက် ဩဇာခံအပေါ်ထားရမည့် ဝတ္တရားအား ငါသွန်သင်ပြီးဖြစ်၏။ ထို့အတွက်
သင့် အပေါ်သို့ စိတ်ကြပ်တည်းစေခြင်း မရှိရစေရန်ဖြစ်၏။ ကေပနပ်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊
အကြင်နာရှင် ဖြစ်တော်မူ၏။[၈၃၇]

---

**(၈၃၆)** ဤသုတ်တော်က ၃၃း၂၈ တွင် ကိုယ်တော်မုဟမ္မဒ်က သူ၏ကြင်ဖေါ်များအား လွတ်လပ်စွာနေလိုက နေနိုင်ခွင့် ပေးထားသော ဥပဒေအား ပိုမို နားလည်စေနိုင်ပေသည်။ ၃၃း၂၈ နှင့် ၆၆း၅တို့တွင် ကိုယ်တော်မုဟမ္မဒ်သည် ကြင်ဖေါ်တို့အား လွတ်လပ်ခွင့်ပေးသော အခြေအနေများကို ဖေါ်ပြ၍၊ စောင့်ဆိုင်းရက်ကာလ အကြောင်းအား ထည့်ပြောခြင်း မရှိချေ။ ထိုအချင်းအရာကိုယ်တိုင်က ကိုယ်တော်သည် သူ့ကြင်ဖေါ် ဆိုသူ အမျိုးသမီးများအား ကာမစပ်ယှက်သော ဇနီးမယား အဖြစ် ပေါင်းသင်းခဲ့ခြင်း မရှိကြောင်းကို ဤသုတ်တော်အားဖြင့် သက်သေဖြစ်နေပေသည်။

**(၈၃၇)** ဤသုတ်တော်မှ **ဇောင်းဂျွန်**အား ဇနီးမယား အဖြစ်လည်းကောင်း၊ **နေကာဟ်**ကို ကာမစပ်ယှက်ရန် လက်ထပ်ထိမ်းမြားယူသည်ဟု လည်းကောင်း– ဆရာစဉ်ဆက် လိုက်၍ အဘိဓာန်ပါ အဓိပ္ပါယ်များကို မေ့လျော့ ဘာသာပြန်မိရာမှ၊ ကိုယ်တော်မုဟမ္မဒ်သည် ဖေါ်ပြပါ အမျိုးသမီးများအား ဇနီးမယားအဖြစ် သိမ်းပိုက်နိုင်ခွင့် ရှိ၏၊ သို့သော် ထိုဥပဒေများသည် ကိုယ်တော်မုဟမ္မဒ်အတွက် သီးသန့် အထူးခံစားခွင့် ဖြစ်၍၊ အခြားသော ယုံကြည်သူများ အတွက် မဟုတ်ဟု အဓိပ္ပါယ် ဖြစ်စေရန်၊ **خَالِصَةً لَّكَ مِن دُونِ الْمُؤْمِنِينَ ခါလိဆွာတန် လကာ မင်း ဒူးနိလ် မုအ်မေနီးန်** အား "ဤသည် အခြားယုံကြည်သူများနှင့် မဆိုင်သော သင့်အတွက် သီးသန့်ဥပဒေ ဖြစ်၏၊"ဟု ပြန်ဆိုကြပေသည်။ ထိုပြန်ဆိုခြင်းမှာ တိမ်းချော်နေပေသည်၊ ထိုဝါကျ၏ အဓိပ္ပါယ်မှာ "သန့်သန့်စင်စင် ဖြစ်ခြင်းသည် သင်၌ အခြား ယုံကြည်သူများနှင့် ဂုဏ်ရည်မတူချေ၊ (ဆန့်ကျင်သည်)" ဟုသာ ဖြစ်ပေသည်။ အာ

၅၀။ تُرْجِي مَن تَشَاء مِنْهُنَّ وَتُؤْوِي إِلَيْكَ مَن تَشَاء وَمَنِ ابْتَغَيْتَ مِمَّنْ عَزَلْتَ فَلَا جُنَاحَ عَلَيْكَ ذَلِكَ أَدْنَى أَن تَقَرَّ أَعْيُنُهُنَّ وَلَا يَحْزَنَّ وَيَرْضَيْنَ بِمَا آتَيْتَهُنَّ كُلُّهُنَّ وَاللَّهُ يَعْلَمُ مَا فِي قُلُوبِكُمْ وَكَانَ اللَّهُ عَلِيمًا حَلِيمًا ۞

☆ ၂း၇၀
သူမတို့မှ စံချိန်ပြည့်မှီသည့်အလျောက်☆ သင့်ထံသို့ မခေါ်ယူလိုသူလည်း ရှိစေ၊ စံချိန်ပြည့်မှီသည်အလျောက် ခေါ်ယူနိုင်သူလည်း ရှိစေလော့၊ ခပ်ခွာခွာနေသော သူမတို့မှ သင့်အား ချည်းကပ်စေခြင်း အတွက် သင့်၌ အပြစ်မထိုက်ချေ။ ဤသည် ပိုမို ပြေပြစ်စေ၍၊ သူတို့၏ မျက်လုံးများ ကြည်အေးလာလျှက်၊ သူမတို့အတွက် စိုးရိမ်သောက ကင်းကွာလိမ့်မည်။ သူမတို့အား သင်၏ ချီးမြှင့်မှုအတွက် သူမတို့ ကျေနပ်အားရလိမ့်မည်။ ပရမတ်ဘုရားရှင်သည် သင်တို့၏ နှလုံးသား၌ ရှိသည်များကို သိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည် သိနေသောအရှင် အဆုံးအဖြတ်ရှင် ဖြစ်တော်မူ၏။[၁၃၈]

၅၂။ لَا يَحِلُّ لَكَ النِّسَاء مِن بَعْدُ وَلَا أَن تَبَدَّلَ بِهِنَّ مِنْ أَزْوَاجٍ وَلَوْ أَعْجَبَكَ حُسْنُهُنَّ إِلَّا مَا مَلَكَتْ يَمِينُكَ وَكَانَ اللَّهُ عَلَى كُلِّ شَيْءٍ رَّقِيبًا ۞

ထိုထက်ပို၍ သင့်အတွက် တရားဝင်ပြဌာန်းပေးခြင်း မရှိချေ။ သင်၏ လက်အောက် သြဇာခံဖြစ်သော သူမမှအပ၊ ထိုသူမတို့မှလွဲ၍ အခြား ကောင်းမွန်ခြင်းဖြင့် သင့်အား စိတ်ဝင်စားစေသူ ဖြစ်လင့်ကစား ကြင်ဖေါ်အဖြစ် မပြောင်းလဲလင့်။ ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စောင့်ကြည့်နေတော်မူ၏။

၅၃။ يَا أَيُّهَا الَّذِينَ آمَنُوا لَا تَدْخُلُوا بُيُوتَ النَّبِيِّ إِلَّا أَن يُؤْذَنَ لَكُمْ إِلَى طَعَامٍ غَيْرَ نَاظِرِينَ إِنَاهُ وَلَكِنْ إِذَا دُعِيتُمْ فَادْخُلُوا فَإِذَا طَعِمْتُمْ فَانتَشِرُوا وَلَا مُسْتَأْنِسِينَ لِحَدِيثٍ إِنَّ ذَلِكُمْ كَانَ يُؤْذِي النَّبِيَّ فَيَسْتَحْيِي مِنكُمْ وَاللَّهُ لَا يَسْتَحْيِي مِنَ الْحَقِّ وَإِذَا سَأَلْتُمُوهُنَّ مَتَاعًا فَاسْأَلُوهُنَّ مِن وَرَاء حِجَابٍ ذَلِكُمْ أَطْهَرُ لِقُلُوبِكُمْ وَقُلُوبِهِنَّ وَمَا كَانَ لَكُمْ أَن تُؤْذُوا رَسُولَ اللَّهِ وَلَا أَن تَنكِحُوا أَزْوَاجَهُ مِن بَعْدِهِ أَبَدًا إِنَّ ذَلِكُمْ كَانَ عِندَ اللَّهِ عَظِيمًا ۞

အို ယုံကြည်သော သူတို့၊ ရည်ရွယ်စောင့်ကြည့်နေခြင်း မရှိသော စားသုံးခြင်းအတွက် သတင်းတော်ဆောင်၏ အိမ်သို့ သင်တို့အတွက် ခွင့်ပြုချက် မရှိဘဲ မဝင်ကြလင့်။[၁၃၉] သင်တို့အား ဖိတ်ခေါ်လျှင် ဝင်ရောက်ကြလော့၊ စားသောက်ပြီးသော်

---

ရပ် ခရစ်ယာန်များ၏ စကားဖြင့် ကယ်တင်ရှင် (ယေရှုခရစ်) အား **المخلص အလ်မုလ်ခါလ်လိဆွ်** ဟု ခေါ်ပေသည်။ ထို့ကြောင့် **ခလဆွ خلص** မှ ဆင့်ပွား ဖြစ်လာသော ထိုစကားလုံး **خَالِصَةً ခါလိဆွာတွန်** ဆိုသည်မှာ အွန္တရာယ်အပေါင်းမှာ ဖြူစင်သန့်ရှင်းစွာ ကယ်တင်စောင့် ရှောက်ရန် တာဝန်မှာ ခေါင်းဆောင်ဖြစ်သော ကိုယ်တော်မုဟမ္မဒ်တွင် အခြားသောနောက်လိုက် ယုံကြည်သူများထက် ပို၍ တာဝန်ရှိသည်ဟု ဖြစ်ပေသည်။ ကျမ်းတော်တွင် ဖေါ်ပြသော သတင်းတော်ဆောင်များ၊ ဉာဏ်စဉ်တော်ဆောင်များသည် ခေတ်ကာလတိုင်းအတွက် ခေါင်းဆောင်များ နမူနာပြုရမည့် ပုဂ္ဂိုလ်များဖြစ်၍၊ သူတို့အား ယုံကြည်သူများ၏ ဉပမာသည် ခေါင်းဆောင်တစ်ဦးအပေါ်၌ သစ္စာခံထားသော နောက်လိုက်များ ယူရမည့် နမူနာပုံစံ ဖြစ်သည်။ အကယ်၍ **ကြင်ဖေါ်**ဆိုသော အဓိပ္ပါယ်အား သေချာစွာ မလေ့လာဘဲလျှက် (၃၃း၃၇)၊ **နေကာဟ်**ဟူသော အဓိပ္ပါယ်အား သေချာစွာ မလေ့လာဘဲလျှက် (၄း၃)၊ ကိုယ်တော် မုဟမ္မဒ်၏ ကြင်ဖေါ်များ ဆိုသည်ကို သေချာစွာ မလေ့လာဘဲလျှက်– လူသား ခေါင်းဆောင်များအတွက် စံပြ အဖြစ် သတ်မှတ်ထားသော ကိုယ်တော်မုဟမ္မဒ်အတွက် အခြားသူများ နမူနာ မယူနိုင်သည့် အခွင့်ထူးများရှိနေသည် ဆိုခြင်းမှာ ၃၃း၂၂ အား အကြီး အကျယ် ဆန့်ကျင်ခြင်း ဖြစ်ပေသည်။ အမှန်တကယ်တွင် ကိုယ်တော် ထိန်းသိမ်းစောင့် ရှောက်ခဲ့သော အမျိုးသမီးများမှာ ၄၂း၅၀ တွင် ဖေါ်ပြသော သားသမီးကဲ့သို့စောင့်ရှောက်ခဲ့သော ကြင်ဖေါ် **ဇောင်းဝှူန်**များသာ ဖြစ်ပေသည်။

**(၁၃၈)** ဤသုတ်တော်က ကိုယ်တော်သည် ကြင်ဖေါ်တို့အား မည်သို့သဘောထားကြောင်းကို ပိုမိုရှင်းလင်းစေပေသည်။ အကယ်၍ သူမတို့အား ဇနီးမယားကဲ့သို့ ဆက်ဆံခဲ့ပါက၊ မည်သည့် ဇနီးမယားကို မဆို ဖယ်ခွာထား၍ မရချေ၊ (၄း၁၂၉)။ ပရမတ်ဘုရားရှင် (အလ္လာဟ်)သည် ဉပဒေများကို မည်သူ့အတွက်ဟူ၍ ကမောက်ကမ ပြုပြင်ပြောင်းလဲပေးခြင်း မရှိချေ၊ (၃၀း၃၀)။ ကိုယ်တော်၏ ကြင်ဖေါ်များသည် ကိုယ်တော့အတွက် တပည့်မကလေးများကဲ့သို့ ဖြစ်ခြင်းကြောင့်သာ ဤဉပဒေအား ပြဌာန်းပေးခြင်း ဖြစ်ပေသည်။ ဤဆက်ဆံရေးသည် ဆရာတစ်ဦးနှင့် တပည့်များ၊ အရာရှိတစ်ဦးနှင့် တစ်ပည့်များ၏ ဆက်ဆံရေးထက် မပိုကြောင်းကို သေချာစွာ လေ့လာဖတ်ရှုသူအတွက် တွေ့မြင်နိုင်ပေသည်။
**(၁၃၉)** ဤဝါကျမှ "ရည်ရွယ်စောင့်ကြည့်ခြင်း မရှိသော စားသုံးခြင်း၊" ဆိုသည်မှာ စားသုံးရမည်ကို တပ်အပ်သိနေသော အလှူဖိတ်ကျွေးခြင်း မဟုတ်သည့် ခရီးသွား ဟန်လွှဲ စားသုံးခြင်းများကို ဆိုလိုပေသည်။ ခရီးသွားဟန်လွှဲ ကြုံတိုင်း ဝင်ရောက်စားသောက်တတ်သည့် အကျင့်ပျက် စရိုက်ဆိုးများကို အစ္စလာမ်သာသနာက တားမြစ်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ထွက်ခွာသွားကြလော့၊ ဆင့်ပြန်စကားအတွက် မဆည်းကပ်ကြလင့်၊[၈၄၀] ကေန်ပင် ယင်းတို့သည် သတင်းတော်ဆောင်အား ထိခိုက်စေ၏။ သူသည် သင်တို့နှင့် ပတ်သက်၍ အားနာလေ၏။ ပရမတ်ဘုရားရှင်သည်ကား အမှန်တရား ချမှတ်ရာ၌ အားနာတော်မမူချေ။ သင်တို့သည် သူမတို့ထံမှ ပစ္စည်းတစ်ခုခုကို တောင်းဆိုလျှင်၊ ကန့်သတ်စည်းခြားမှု နောက်မှ တောင်းဆိုလော့၊ ဤသည် သင်တို့၏ စိတ်နှလုံးအတွက် သူမတို့၏ စိတ်နှလုံးအတွက် ဖြူစင်သန့်ရှင်းရာ ဖြစ်၏။[၈၄၁] သင်တို့သည် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင်အား မထိခိုက်စေကြလင့်၊ သူ မရှိသည့် နောက်ပိုင်းတွင် သူ့ကြင်ဖေါ်တို့အား မသိမ်းဆည်းကြလင့်။ ကေန်ပင် ယင်းသည် ပရမတ်ဘုရားရှင်၏ ထံ၌ ပြစ်မှုကြီးဖြစ်၏။[၈၄၂] |
| ၅၄။ | إِن تُبْدُوا شَيْئًا أَوْ تُخْفُوهُ فَإِنَّ اللَّهَ كَانَ بِكُلِّ شَيْءٍ عَلِيمًا ۞<br>စိုးစဉ်းမကျန် ဖွင့်ဟဝန်ခံရာ ထိန်ဝှက်ထားရာများကို၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား သိနေတော်မူ၏။ |
| ၅၅။ | لَّا جُنَاحَ عَلَيْهِنَّ فِي آبَائِهِنَّ وَلَا أَبْنَائِهِنَّ وَلَا إِخْوَانِهِنَّ وَلَا أَبْنَاء إِخْوَانِهِنَّ وَلَا أَبْنَاء أَخَوَاتِهِنَّ وَلَا نِسَائِهِنَّ وَلَا مَا مَلَكَتْ أَيْمَانُهُنَّ وَاتَّقِينَ اللَّهَ إِنَّ اللَّهَ كَانَ عَلَى كُلِّ شَيْءٍ شَهِيدًا ۞<br>သူမတို့အပေါ်၌ သူမတို့၏ ဖခင်များကြောင့်၊ သူမတို့၏ သားများကြောင့်၊ သူမတို့၏ အစ်ကိုမောင်များကြောင့်၊ သူမတို့၏ အစ်ကိုမောင်တို့၏ သားများကြောင့်၊ သူမတို့၏ ညီအစ်မတို့၏ သားများကြောင့်၊ အခြားအမျိုးသမီးများကြောင့်၊ သူမတို့၏ လက်အောက်ဩဇာခံများကြောင့် အပြစ်မထိုက်ချေ။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအတွက် သက်သေသက်ကန်ဖြစ်၏။ |
| ၅၆။<br>☆ | إِنَّ اللَّهَ وَمَلَائِكَتَهُ يُصَلُّونَ عَلَى النَّبِيِّ يَا أَيُّهَا الَّذِينَ آمَنُوا صَلُّوا عَلَيْهِ وَسَلِّمُوا تَسْلِيمًا ۞ |

(၈၄၀) အိမ်လည်စားသောက်တတ်သော အကျင့်ရှိသည့်အပြင် သူတစ်ပါး၏ ပုဂ္ဂလိက လွတ်လပ်ခွင့်အား အလိုက်မသိဘဲ၊ စကားရှည်နေတတ်သည့် အကျင့်အား တားမြစ်ခြင်း ဖြစ်သည်။ ကိုယ်တော်မုဟမ္မဒ်သည် ခေါင်းဆောင်တစ်ဦး ဖြစ်၍၊ ခေါင်းဆောင်တိုင်းတွင် အရေးကြီးသော လုပ် ငန်းစဉ်များ ရှိနေပေသည်။ ထို့ကြောင့် ဤအဆုံးအမသည် အလိုက်မသိတတ်သော နောက်လိုက်များ အနေဖြင့် ခေါင်းဆောင်တစ်ဦး၏ အချိန်ကို လေးစားတတ်ရန် သွန်သင်ပေးခြင်း ဖြစ်ပေသည်။ ထို့အပြင် ကိုယ်တော့အနေဖြင့် သဗ္ဗညုဉာဏ်ကိန်းဝပ် အသိပေးခြင်းခံရသော တရားမှအပ အခြား ဆင့်ပြန်တရား (ဟာဒီးသ်)များကို ဆင့်ပြန်ခြင်း မရှိကြောင်း၊ ကိုယ်တော့ထံမှ ဟာဒီးသ်များ ရယူလိုခြင်းသည် ကိုယ်တော့အား ထိခိုက်နစ်နာရန် ပြုခြင်းသာ ဖြစ်ကြောင်းကိုလည်း ဤဝါကျက အတိအကျ ထောက်ပြပေသည်။

(၈၄၁) "သင်တို့သည် သူမတို့ထံမှ ပစ္စည်းတစ်ခုခုကို တောင်းဆိုလျှင် ကန့်သတ်စည်းခြားမှု နောက်မှ တောင်းဆိုကြလော့" ဆိုသော ဝါကျမှ ပစ္စည်းတစ်ခုခု ဆိုသည်မှာ လောကီဥစ္စာပစ္စည်း တစ်ခုခုဟု အနက်ကိုပေးသည့် **မတာအန်** ဟူသော စကားကို သုံးထားပေသည်။ ထိုစကားအရ ငွေတိုငွေစ၊ တောက်တိုမယ်ရ လက်ဆောင် တစ်ခုခု ဖြစ်နိုင်ပေသည်။ ဤဝါကျမှ တောင်းဆိုသူများမှာ **သင်တို့** ဟု သုံးထားသောကြောင့် အမျိုးသားသော်လည်းကောင်း အမျိုးသမီးသော်လည်းကောင်း ဖြစ်နိုင်ပေသည်၊ (၄း၃) တွင် ကြည့်ပါ။ မည်သူဖြစ်စေ ခေါင်းဆောင်၏ အိမ်သို့လာ၍၊ မျက်လုံးတွေ့သမျှအား မက်မောလိုစိတ် မရှိစေရန် မိမိ၏ နှလုံးသားရမက်အား စည်းတားထားရန် သွန်သင်ခြင်း ဖြစ်ပေသည်။ အကယ်၍ မိမိဘက်က စည်းမစောင့်ဘဲ တောင်းမိလိုက်၍ အခြားတစ်ဘက်မှ မပေးနိုင်လျှင် သူသည်လည်း စိတ်နှလုံး၌ ခံစားရမည်ပင်။ ထို့ကြောင့် စည်းရှိခြင်းသည် သင်တို့၏ နှလုံးသား၊ သူမတို့၏ နှလုံးသားကို ဖြူစင်သန့်ရှင်းစေ၏ ဟု ပြောဆိုထားခြင်း ဖြစ်ပေသည်။

(၈၄၂) ကိုယ်တော်၏ ကြင်ဖေါ်များ ဆိုသည်မှာ ၃၃း၅၀ တွင် ဖေါ်ပြထားသော အမျိုးသမီး အတန်းအစားထဲမှ ဖြစ်၍၊ ထိုအထဲတွင် စစ်သုံ့ပန်း သို့မဟုတ် လက်အောက်ဩဇာ (ဆင်းရဲနွမ်းပါးသူ၊ ထိုခေတ်အခါက ကျေးကျွန်လူတန်းစား) မှ သူကောင်းပြုထားခြင်းများ ဖြစ်ပေသည်။ ထိုအမျိုးသမီးများကို အခြားသူတစ်ဦးက သိမ်းဆည်းလျှင်၊ ကိုယ်တော်ကဲ့သို့ သန့်သန့်စင်စင် စောင့်ရှောက်နိုင်မည် မဟုတ်ချေ၊ (၃၃း၅၀)၊ တနည်းအားဖြင့် ထိုအမျိုးသမီးများသည် သီးသန့်စောင့်ရှောက်ထားပေးရန် လိုအပ်သော အမျိုးသမီးများ ဖြစ်၍၊ ကိုယ်တော်က ဖြူစင်စွာ စောင့်ရှောက်ပေးထားရခြင်း ဖြစ်ပေသည်။ ထိုသို့သော အမျိုးသမီးများကို ကိုယ်တော်က ဂုဏ်ပေး ဘဝမြှင့်ပေးထားခြင်း ဖြစ်၍၊ ထိုအမျိုးသမီးများအား အခြားသူများက အထင်အမြင် မသေးနိုင်ရန် ကိုယ်တော်၏ ကြင်ဖေါ်များသည် ယုံကြည်သူများ၏ မိခင်များဖြစ်သည်ဟု ၃၃း၆ တွင် ဥပဒေ ချမှတ်ပြီး ဖြစ်ပေသည်။ ထိုသို့ မိခင်အရာ၌ ဂုဏ်ပေးပြီးသား အမျိုးသမီးများအား သိမ်းဆည်းယူခွင့် မရှိကြောင်း ၄း၂၃ တွင် တားမြစ်ပြီး ဖြစ်ပေသည်။ ကျမ်းတော်၏ ဥပဒေများသည် အစဉ်အမြဲရှေ့နောက် ကိုက်ညီနေလျှက် အတိမ်းအစောင်း မရှိချေ၊ (၄း၈၂)။ မည်သည့် အမျိုးသမီးကို မဆို ကိုယ်တော့ကြင်ဖေါ် ဖြစ်စေရမည်ဟု အတင်းအဓမ္မ မပညတ်ခဲ့သောကြောင့်၊ ၂၄း၃၃။ ၆၆း၅ ထိုအမျိုးသမီးများ၏ အခွင့်အရေးအား နှိပ်ကွပ်ချိုးဖေါက်ခြင်း မဟုတ်ချေ။ သူမတို့သည် ကိုယ်တော်၏ထံတွင် ကြင်ဖေါ်ဖြစ်နိုင်လောက်သည့် စည်းကမ်းများကို သူမတို့၏ စိတ်ဆန္ဒအလျှောက် သဘောတူခဲ့ခြင်းဖြစ်ပေသည်၊ ၃၃း၅၀။ ဤဥပဒေသည်– ခေါင်းဆောင်၏ ကြင်ဖေါ်တစ်ဦးအား နောက်လိုက်သစ္စာခံများက မသိမ်းဆည်းရဟူသော တန်ဘိုးကြီးမားသည့် လူ့ယဉ်ကျေးမှုအား သွန်သင်ခြင်းလည်း ဖြစ်ပေသည်။

| | |
|---|---|
| ၂း၃၀ | ကေနိပင် ပရမတ်ဘုရားရှင်နှင့် အရှင့် နိမိတ်ဆောင်တို့သည်☆ သတင်းတော်ဆောင်အပေါ်၌ အာရုံသက်နေကြ၏။ အို ယုံကြည်သောသူတို့ သူ့အပေါ်၌ ငြိမ်းချမ်းစေသော ငြိမ်းချမ်းမှုအတိဖြင့် အာရုံထားကြလော့။[၉၄၂က] |
| ၅၇။ | إِنَّ الَّذِينَ يُؤْذُونَ اللَّهَ وَرَسُولَهُ لَعَنَهُمُ اللَّهُ فِي الدُّنْيَا وَالْآخِرَةِ وَأَعَدَّ لَهُمْ عَذَابًا مُّهِينًا ۞<br>ကေနိပင် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇ္ဇဏ်စဉ်တော်ဆောင်အား ထိခိုက်စေသောသူ၊ ထိုသူတို့အား ဤဘဝ နောင်ဘဝ၌ ပရမတ်ဘုရားရှင်ချမှတ်သော ကံကြီးသင့်စေပြီ။ သူတို့အတွက် အရှက်ကွဲရခြင်း ဝဋ်ကြွေးအား ပြင်ဆင်ထား၏။ |
| ၅၈။ | وَالَّذِينَ يُؤْذُونَ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ بِغَيْرِ مَا اكْتَسَبُوا فَقَدِ احْتَمَلُوا بُهْتَانًا وَإِثْمًا مُّبِينًا ۞<br>ယုံကြည်သူ၊ ယုံကြည်သော သူမတို့အား သူတို့၏ လုပ်ဆောင်မှု မရှိဘဲ စွပ်စွဲထိခိုက်စေသော သူတို့သည် ဂုံးချောသော ဝန်ထုပ်နှင့် ထင်ရှားသော အကုသိုလ်အား မုချ ထမ်းရွက်ရမည်ပင်။ |
| ၅၉။<br><br>☆<br>၂၄း၃၀ | يَا أَيُّهَا النَّبِيُّ قُل لِّأَزْوَاجِكَ وَبَنَاتِكَ وَنِسَاءِ الْمُؤْمِنِينَ يُدْنِينَ عَلَيْهِنَّ مِن جَلَابِيبِهِنَّ ذَلِكَ أَدْنَى أَن يُعْرَفْنَ فَلَا يُؤْذَيْنَ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ۞<br>အို သတင်းတော်ဆောင်၊ သင်၏ ကြင်ဖော်များ၊ သင်၏ သမီးများ၊ ယုံကြည်သူ အမျိုးသမီးများအား သူမတို့အား အပေါ်အင်္ကျီကို☆ အပေါ်မှ ထပ်ဝတ်ရန် ပြောလော့။ ဤသည် ပိုမို သင့်တော်၍၊ အသိအမှတ်ပြုနိုင်၏၊ အထိအခိုက် ကင်းနိုင်၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၉၄၃] |
| ၆၀။ | لَئِن لَّمْ يَنتَهِ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ وَالْمُرْجِفُونَ فِي الْمَدِينَةِ لَنُغْرِيَنَّكَ بِهِمْ ثُمَّ لَا يُجَاوِرُونَكَ فِيهَا إِلَّا قَلِيلًا ۞<br>သီလကြောင်များနှင့် စိတ်နှလုံး၌ ရောဂါရှိနေသူများသည် မြို့တော်အတွင်း သွားပုပ်လေလွင့်ဝါဒဖြန့်ခြင်းကို မရပ်တန့်လျှင်၊ သူတို့အား ဆန့်ကျင်ရန် သင့်ကို ငါအရှင် အားပေးတော်မူမည်၊ အနည်းငယ်မှအပ သူတို့အား သင် မောင်းထုတ်လော့။ |

(၉၄၂–က) **ဆွလာတ်** ကို ဤဘာသာပြန်၌ **စိတ်လေ့ကျင့်မှု၊ စိတ်သင်တန်း** ဟု ဘာသာပြန်သည် (၂း၃ တွင်ကြည့်ပါ၊) အာရုံစူးစိုက်မှု ခိုင်မာလာစေရန်၊ သမာဓိအားကြီးလာစေရန် လေ့ကျင့်ခြင်း ဖြစ်သည်။ ဤသုတ်တော်တွင် ကိုယ်တော်မုဟမ္မဒ်၏ စိတ်နှလုံး သမာဓိအင်အားသည် ပရမတ်ဘုရားရှင် နှင့် နိမိတ်ဆောင်များ၏ အာရုံဖြင့် တစ်သားတည်းကျနေ၍– ယုံကြည်သူ စင်စစ်များကလည်း ကိုယ်တော့ အပေါ် အာရုံစူးစိုက် ယုံကြည်မှုထားရန်၊ ကိုယ်တော်ပြသည့် တရားအား လက်တွေ့တတ်ဆင်ရန် သွန်သင်ခြင်း ဖြစ်သည်။

(၉၄၃) ကျမ်းတော်၏ ၂၄း၃၁ တွင် အမျိုးသမီးများအား အောက်ခံအင်္ကျီ ဝတ်ဆင်ရမည့် အကြောင်းကို ပြော၍၊ ဤသုတ်တော်တွင် အပေါ်အင်္ကျီဝတ် ဆင်ရမည့် အကြောင်းကို သွန်သင်ပေသည်။ အမျိုးသမီးများ အနေဖြင့် အင်္ကျီနှစ်ထပ် ဝတ်ဆင်ရမည်ကို ယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းကြီးက စောဒက တက်ဘွယ် မရှိချေ။ သို့သော် အစ္စလာမ် ဆရာတော်ကြီးများ အနေဖြင့် ဤသုတ်တော်တွင် ပြောဆိုသည့် **ဂျလာဘီး** ဆိုသော ဝေါဟာရအား မျက်လုံးပေါက်ကိုသာ ဖေါက်ထားသည့် တစ်ကိုယ်လုံးခြုံထားရမည့် ခြုံထည်ဖြစ်သည်ဟု မိမိတို့၏ ရိုးရာ အစွဲဖြင့် ဘာသာ မပြန်ဆိုသင့်ပေ။ **ဂျလာဘီး**၏ အနက်မှာ အပေါ်အင်္ကျီဟုသာ ဖြစ်ပေသည်။ ထိုသို့ အပေါ်အင်္ကျီအား ဝတ်ဆင်စေခြင်းသည် (၁) ပိုမို သင့်လျော်သည် (၂) အသိအမှတ် ပြုနိုင်သည် (၃) အထိအခိုက်ကင်းနိုင်သည် ဟု ဆိုပေသည်။ ဤနေရာ၌ အသိအမှတ်ပြုနိုင်သည်ဟု ပြန်ဆိုသော **ယုအ်ရာ့ဖ်န** ကို ဆရာတော်ကြီးများက မှတ်မိစေရန်ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံးမှာ **အရဖ** မှ ဆင့်ပွားဖြစ်၍၊ အမှတ်သညာ၊ အထိမ်းအမှတ်၊ မှတ်မိသည်၊ အသိအမှတ်ပြုသည် စသော အဓိပ္ပါယ်များကို ပေးပေသည်။ ထိုသို့ အဓိပ္ပါယ်များ အနက်မှ မှတ်မိရန်ဟု ဘာသာပြန်ဆိုသော ဆရာတော်ကြီးများက အပေါ်အင်္ကျီ ဟု အနက်ပေးသော **ဂျလာဘီး**ကို ပြန်ဆိုသောအခါ၊ လူတစ်ဦးနှင့် တစ်ဦး လုံးဝ မမှတ်မိနိုင်သော မျက်လုံးပေါက်ကိုသာ ဖေါက်ထားသည့် တစ်ကိုယ်လုံး ဖုံးလွှမ်းသော အဝတ်အထည်ဟု ပြန်ဆိုထားသည်မှာ အံ့သြစရာပင် ဖြစ်တော့သည်။ ထိုသို့ တစ်ကိုယ်လုံး ဖုံးထားခြင်းဖြင့် တစ်ဦးနှင့် တစ်ဦး မည်သို့ မှတ်မိနိုင်အံ့နည်း။ ဤသုတ်တော်မှ အဓိက ဆိုလိုချက်မှာ ပိုမို၍ သင့်တော်သော၊ ပိုမို၍ အသိအမှတ်ပြုသော အင်္ကျီအဝတ်အစားအား ဝတ်ဆင်ရန် သွန်သင်ခြင်းသာ ဖြစ်ပေသည်။ အသိအမှတ်ပြုခြင်း ဆိုသည်မှာ လူမျိုးနှင့် ခေတ်ကာလပေါ်၌ မူတည်ပေသည်။ ထို၌ သံမဏိစည်းမျဉ်း ချထားခြင်း ကျမ်းတော်၌ မပါဝင်ပေ။ (၃) အထိအခိုက်ကင်းနိုင်၏ ဆိုသည်မှာ အနည်းငယ်နာကျင်သည်၊ အနည်းငယ်ထိခိုက်သည်ဟု အနက်ရသော **အသန** မှ ဆင့်ပွားလာသော စကားလုံး ဖြစ်ပေသည်။ ထိုစကားလုံးကို အချင်းချင်း ပုတ်ခတ်စော်ကားခံရသောကြောင့် စိတ်ထိခိုက်ခြင်းများ၊ အနည်းငယ်သွေးထွက်သံယို ဖြစ်ရသောကြောင့် ခန္ဓာကိုယ် နာကျင်ခြင်းများတွင် သုံးပေသည်။ ထို့ကြောင့် အပေါ်အင်္ကျီဝတ် စေခြင်းမှာ– ရာသီဥတုဒဏ်မှ ကာကွယ်စေရန်နှင့် လျှပ်ပေါ်လော်မာသည်ဟု ပုတ်ခတ်ခံရခြင်းမှ ကာကွယ်ပြီး ဖြစ်စေရန် နှစ်မျိုးလုံး အကြုံးဝင်ပေသည်။ (၂၄း၃၁) တွင်ကြည့်ပါ။ **အသန**၏ အဓိပ္ပါယ်ကို ၂း၂၂၂ ရာသီပန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းချက်တွင် ကြည့်ပါ။

| | |
|---|---|
| ၆၁။ | مَلْعُونِينَ أَيْنَمَا ثُقِفُوا أُخِذُوا وَقُتِّلُوا تَقْتِيلًا۝ |
| ☆၁း၇ | သူတို့အား ကံကြီးသင့်စေလတ္တံ့၊☆ သူတို့အား တွေ့ရာအရပ်၌ ဖမ်းဆီးခြင်း တော်လှန်တိုက်ခိုက်ခြင်းကို ခံရစေလတ္တံ့။ |
| ၆၂။ | سُنَّةَ اللَّهِ فِي الَّذِينَ خَلَوْا مِن قَبْلُ وَلَن تَجِدَ لِسُنَّةِ اللَّهِ تَبْدِيلًا۝<br>ဤမတိုင်မီ ရှေး လွန်လေပြီးသော သူတို့သည်လည်း ပရမတ်ဘုရားရှင်၏ ဤနည်းနာဥပဒေအတိုင်းပင် ဖြစ်ရ၏။ ပရမတ်ဘုရားရှင်၏ နည်းနာဥပဒေအား ပြောင်းလဲနိုင်သူဟူ၍ သင် တွေ့ရမည် မဟုတ်ချေ။ |
| ၆၃။ | يَسْأَلُكَ النَّاسُ عَنِ السَّاعَةِ قُلْ إِنَّمَا عِلْمُهَا عِندَ اللَّهِ وَمَا يُدْرِيكَ لَعَلَّ السَّاعَةَ تَكُونُ قَرِيبًا۝<br>အချိန်နာရီ၏ အကြောင်း မေးလာကြသော လူသားတို့အား၊ "ထိုအရာအား သိခြင်းသည် ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏။ ထိုအချိန်နာရီသည် နီးကပ်၍လာနေကြောင်း အဘယ်အရာက နားလည်ပေးစေနိုင်မည်နည်း၊"ဟု ဟောလော့။ |
| ၆၄။ | إِنَّ اللَّهَ لَعَنَ الْكَافِرِينَ وَأَعَدَّ لَهُمْ سَعِيرًا۝<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူတို့အား ကံကြီးသင့်စေပြီ။ သူတို့အတွက် လောင်ကျွမ်းရခြင်းကို ပြင်ဆင် ထား၏။ |
| ၆၅။<br>☆ | خَالِدِينَ فِيهَا أَبَدًا لَّا يَجِدُونَ وَلِيًّا وَلَا نَصِيرًا۝ |
| ၂း၃၉ | ထိုဌ် ထာဝရ၊ ကာလမဲ့☆ ခံစားရလတ္တံ့၊ ကွပ်ကဲပေးမည့်သူ၊ ကူညီမည့်သူဟူ၍ မတွေ့နိုင်ချေ။ |
| ၆၆။ | يَوْمَ تُقَلَّبُ وُجُوهُهُمْ فِي النَّارِ يَقُولُونَ يَا لَيْتَنَا أَطَعْنَا اللَّهَ وَأَطَعْنَا الرَّسُولَا۝<br>သူတို့၏ မျက်နှာအား အပူမီးသို့ အပ်ထားသော နေ့ကာလ၌၊ "အိုး– ပျက်စီးရလေခြင်း၊ ပရမတ်ဘုရားရှင်အား နာခံခဲ့ပါလေစ၊ ဥဇ္ဇာစဉ်တော်ဆောင်အား နာခံခဲ့ပါလေစ၊"ဟု ဆိုညည်းကြလတ္တံ့။ |
| ၆၇။ | وَقَالُوا رَبَّنَا إِنَّا أَطَعْنَا سَادَتَنَا وَكُبَرَاءَنَا فَأَضَلُّونَا السَّبِيلَا۝<br>သူတို့ ဆက်၍ ပြောကြသည်မှာ "အို ကံကြမ္မာရှင် တပည့်တော်တို့သည် ခေါင်းဆောင်များနှင့် အကြီးအကဲများကို နာခံခဲ့ပါပြီ၊ သို့ဖြင့် တပည့်တော်တို့အား အပါယ်လမ်းသို့ ပို့ခဲ့ပါပြီ– |
| ၆၈။ | رَبَّنَا آتِهِمْ ضِعْفَيْنِ مِنَ الْعَذَابِ وَالْعَنْهُمْ لَعْنًا كَبِيرًا۝<br>အို ကံကြမ္မာရှင်၊ သူတို့အား ဝဋ်ကြွေး ဆတိုး ပေးပါ၊ ကြီးမားသော ကံကြီးသင့်ခြင်းဖြင့် ကံကြီးသင့်စေတော်မူပါ၊"ဟု ဖြစ်၏။ |
| ၆၉။ | يَا أَيُّهَا الَّذِينَ آمَنُوا لَا تَكُونُوا كَالَّذِينَ آذَوْا مُوسَىٰ فَبَرَّأَهُ اللَّهُ مِمَّا قَالُوا وَكَانَ عِندَ اللَّهِ وَجِيهًا۝<br>အို ယုံကြည်သော သူတို့၊ မူဆာအား ထိခိုက်နစ်နာ စေခဲ့သော သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်၊ ပရမတ်ဘုရားရှင်သည် သူ့အား ၎င်းတို့၏ ပြောဆိုသော အရာမှ ကင်းလွတ်သန့်စင်စေခဲ့၏။ ပရမတ်ဘုရားရှင်ထံ၌ ချီးမြှင့်မှုများ ရှိနေ၏။ |
| ၇၀။ | يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَقُولُوا قَوْلًا سَدِيدًا۝<br>အို ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဖြောင့်မှန်သော အပြောအဆိုကိုသာ ပြောဆိုကြ လော့။ |
| ၇၁။ | يُصْلِحْ لَكُمْ أَعْمَالَكُمْ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ وَمَن يُطِعِ اللَّهَ وَرَسُولَهُ فَقَدْ فَازَ فَوْزًا عَظِيمًا۝<br>အရှင်သည် သင်တို့၏ ကျင့်ကြံမှုအား ပြုပြင်ပြောင်းလဲပေးမည်။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇ္ဇာစဉ်တော်ဆောင် အား နာခံသောသူမှ– သင်တို့၏ အပြစ်များကို လွတ်ငြိမ်းမှုပေးမည်။ မဟာ အောင်မြင်ခြင်းဖြင့် အောင်မြင်စေမည်ပင်။ |

| | |
|---|---|
| ၇၂။ | **إِنَّا عَرَضْنَا الْأَمَانَةَ عَلَى السَّمَاوَاتِ وَالْأَرْضِ وَالْجِبَالِ فَأَبَيْنَ أَن يَحْمِلْنَهَا وَأَشْفَقْنَ مِنْهَا وَحَمَلَهَا الْإِنسَانُ إِنَّهُ كَانَ ظَلُومًا جَهُولًا ۞**<br>ငါသည် မိုးများ၊ မြေကမ္ဘာနှင့် တောင်များအား လွတ်လပ်စွာယုံကြည်ချက်ကို[၆၄၄] ကမ်းလှမ်းသော်၊ သူတို့သည် ထို ဝန်ကို လက်မခံ၊ ၎င်းကို စိုးရိမ်ကြောက်လန့်၏။ လူသားသည်သာ ထိုဝန်ကို ထမ်း၏။ ကေန်ပင် သူသည် အမိုက်စီးသော ပညာမဲ့ ဖြစ်လာတော့၏။ |
| ၇၃။ | **لِيُعَذِّبَ اللَّهُ الْمُنَافِقِينَ وَالْمُنَافِقَاتِ وَالْمُشْرِكِينَ وَالْمُشْرِكَاتِ وَيَتُوبَ اللَّهُ عَلَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ۞**<br>ထို့ကြောင့် ပရမတ်ဘုရားရှင်၏ ဝဋ်ကြွေးဒဏ်သည် သီလကြောင်ဖြစ်သူ၊ သီလကြောင်ဖြစ်သောသူမ၊ ရောပြွန်းကိုးကွယ်သူ၊ ရောပြွန်းကိုးကွယ်သောသူမတို့ အတွက် ဖြစ်၏။ ပရမတ်ဘုရားရှင်၏ သင်ပုန်းချေခြင်းသည် ယုံကြည်သူ၊ ယုံကြည်သောသူမတို့ အတွက် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |

---

(၆၄၄) ဤနေရာ၌ လွတ်လပ်စွာ ယုံကြည်ချက်ဟု ပြန်ဆိုသော စကားလုံးမှာ အာရ်ဗီဘာသာဖြင့် **أَمَانَة အမာနတ်ဟ်** ဟုဖြစ်၍၊ ယုံကြည်ခြင်း သဒ္ဓါ "အီမန်" မှ ဆင်းပွားလာခြင်း ဖြစ်ပေသည်။ အီမန် ဆိုသည်မှာ လွတ်လပ်စွာ ရွေးချယ်၍ ယုံကြည်ချက်တည်ဆောက်ခြင်းကို ခေါ်ဆိုပေသည်။ ဆရာစဉ်ဆက်၊ မိဘစဉ်ဆက်၊ မိရိုးဖလာစဉ်ဆက် ရှိနေသော အယူတစ်ခု၊ ဝါဒတစ်ခုအား အမှန်တရားဟု သတ်မှတ်ကာ တစ်သွေမတိမ်းလိုက်နာ နာခံခြင်းကို **ဆခရ سَخَّرَ** ဟု ခေါ်ပေသည်။ တောတောင်၊ ရေမြေ၊ သမုဒ္ဒရာ၊ အာကာသ ကောင်းကင်များသည် ပရမတ်ဘုရားရှင်၏ ချမှတ်ထားသော လူသားတို့အတွက် အသုံးခံတည်းဟူသော ဥပဒေဘောင် အတွင်း၌ ရှိနေ၍၊ ၎င်းတို့အား **ဆခရ** ဖြင့် ကျမ်းတော်၏ မြောက်များစွာသော နေရာများတွင် သုံးပေသည်။ သို့သော် လူသားကိုမူ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့် ယုံကြည်ပိုင်ခွင့်ကို ပေးပေသည်။ ထို့ကြောင့် လူသားတို့အတွက် ယုံကြည်ချက်၊ ခံယူချက်ကို **အီမန်**ဟု သုံးပေသည်။ ထိုသို့ လွတ်လပ်စွာ ယုံကြည်ရာတွင် မည်သည်အား ပြုလုပ်လျှင် ဒုက္ခခံရမည်၊ မည်သို့ ကျင့်ကြံလျှင် သုခစံရမည်ဟူသည့် အသိပေးခြင်းများကိုသာ ပေးအပ်ပေသည်။

မိုးများ မြေကမ္ဘာနှင့် တောင်များ ဆိုသည်မှာ နှစ်ရှည်လများ အုပ်ချုပ်နေသည့် အထက်တန်းလွှာ လူတန်းစားများ၊ မိရိုးဖလာ အစဉ်အလာဖြင့် မြေကမ္ဘာ၌ ကုပ်ကပ်နေသူများ၊ အတ္တမာနကြီးသော နလုံးသား ပိုင်ရှင်များ–– စသည့် လူတန်းစားအား လွတ်လပ်စွာ ယုံကြည်ခွင့်၊ လွတ်လပ်စွာ ပြောဆို ရေးသားခွင့်များ– ကို ကမ်းလှမ်းသော် ထိုသူများအနေဖြင့် သူတို့ထိမ်းချုပ်ထားသော အာဏာ ထိပါးလာမည်ဟု စိုးရိမ်၍။ သူတို့၏ မိရိုးဖလာ ယုံကြည်ချက်အား ထိပါးလာမည် စိုးရိမ်၍၊ သူတို့၏ ဂုဏ်သိက္ခာမာနအား ထိခိုက်လာမည် စိုးရိမ်၍– ထိုသူများအနေဖြင့် ထိုသို့ တိုင်းသူပြည်သားတို့အတွက် လွတ်လပ်စွာ ကိုးကွယ်ယုံကြည် ပြောဆိုခွင့်များကို မလိုလားကြောင်း ပြောဆိုခြင်း ဖြစ်၍– လူသား ဆိုသည်မှာ ဉာဏ်ပညာ အကြားအမြင် ဗဟုသုတ အလျှောက် လူပီလာသော သူများကို ကိုယ်စားပြုပေသည်။ သို့သော် ထိုလူသားများမှာလည်း သူတို့အလှည့်ကြုံ အာဏာ ရလာလျှင် သူတို့ကိုယ်တိုင် ဖေါက်ပြန်လာလေ့ရှိသော စိတ်ဓါတ်ကြောင့်– ဤသုတ်တော်မှ "ကေန်ပင် လူသားသည် အမိုက်စီးသော ပညာမဲ့ ဖြစ်လာတော့၏။" ဟု ဆိုထားခြင်း ဖြစ်ပေသည်။